အကုန်ရောင်းတဲ့ မူဝါဒ

တရုတ်နိုင်ငံ၏ ပိုက်လိုင်း
စီမံချက်ကြောင့် မြန်မာနိုင်ငံတွင်
လူ့အခွင့်အရေး ချိုးဖောက်မှုများ
ဖြစ်ပေါ်လာခြင်း။



အကုန်ရောင်းတဲ့ မူဝါဒ

တရုတ်နိုင်ငံ၏ ပိုက်လိုင်း စီမံချက်ကြောင့် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပေါ်လာခြင်း။

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေဖြန့်ချိသည်။

မျက်နှာဖုံး ဓာတ်ပုံ။ မကွေးတိုင်း၊ ဧရာဝတီမြစ်၏ အနောက်ဖက်ကမ်းတွင် ပိုက်လိုင်းတည်ဆောက်ရေး လုပ်ငန်းများ စတင်နေပြီ ဖြစ်သည်။

မြန်မာနိုင်ငံ အနောက်ဖက်ကမ်းရိုးတန်းတွင် ရေနက်ဆိပ်ကမ်း တည်ဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးပစ္စည်းများ။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ တင်ပို့ရန် ပိုက်လိုင်းအရှည်

၂,၈၀၀ ကီလိုမီတာ

မဒေးကျွန်း၊ ရေနက်ဆိပ်ကမ်း ဆောက်လုပ်ရေး လုပ်ငန်းခွင်ရှိ တရုတ်အမျိုးသား ရေနံကော်ပိုရေးရှင်း အလုပ်သမားများ

www.shwe.org
ဆက်သွယ်ရန်။ global@shwe.org

ရွှေသဘာဝ ဓာတ်ငွေ့လှုပ်ရှားမှု (Shwe Gas Movement) နှင့် ယခု အစီရင်ခံစာအကြောင်း

ရွှေသဘာဝ ဓာတ်ငွေ့လှုပ်ရှားမှု (Shwe Gas Movement) သည် လူထုအခြေပြု အဖွဲ့အစည်းတစ်ခုဖြစ်ပြီး၊ ရွှေသဘာဝ ဓာတ်ငွေ့စီမံကိန်းနှင့် မြန်မာနိုင်ငံကို ဖြတ်သန်းသွားမည့် ပိုက်လိုင်းစီမံကိန်းတို့အပေါ် ဆန့်ကျင်ရန် စည်းရုံးရန် အတွက်လည်းကောင်း၊ လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားမျှတမှု၊ ရေနံ-သဘာဝဓာတ်ငွေ့များ ရောင်းချမှုများမှ ရရှိလာသည့် ဘဏ္ဍာဝင်ငွေအပေါ် ပွင့်လင်းမြင်သာစွာ သုံးစွဲရေး ကိစ္စများအပေါ်တွင် လည်းကောင်း စည်းရုံးတိုက်တွန်းမှုများ ပြုလုပ်ဆောင်ရွက်နေပါသည်။ ရွှေသဘာဝ ဓာတ်ငွေ့လှုပ်ရှားမှုအနေဖြင့် အချက်အလက်များ ရှာဖွေစုဆောင်းခြင်း၊ အောက်ခြေထုပြည်သူများနှင့် ရပ်ရွာ လူမှုအဖွဲ့အစည်းခေါင်းဆောင်များကို လေ့ကျင့်သင်တန်းပေးခြင်းနှင့် စည်းရုံးတိုက်တွန်းသည့် ကမ်ပိန်း လှုပ်ရှားမှုများကို အလေးထား ဆောင်ရွက်နေပါသည်။ ဤလှုပ်ရှားမှု၏အဖွဲ့ဝင်များတွင် ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားလူငယ်များ ကွန်ဂရက် (AASYC)၊ ရခိုင် ရေနံ စောင့်ကြည့်ရေးအဖွဲ့ (Arakan Oil Watch) နှင့် မြန်မာနိုင်ငံရှိ သံန္နိဌာန်ခိုင်ကြည် ပိုင်းဖြတ်လုပ်ဆောင်နေကြသည့် တက်ကြွလှုပ်ရှားသူများ ပါဝင်ကြပါသည်။

ယခု စီမံကိန်းတွင် ပါဝင်လှုပ်ရှားနေကြသူ ဒေသခံသုတေသီများက တွေ့ဆုံမေးမြန်းမှုပေါင်းကို လယ်သမား များ၊ တံငါသည်များ၊ နေ့စားလုပ်သားများ၊ အိမ်ဆောက်လုပ်သူ လက်သမားများနှင့် ယခုစီမံကိန်း၏ ဆိုးကျိုးများ သက်ရောက်ခံစား နေကြရသည့် ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ ရပ်ရွာ လူမှုအဖွဲ့အစည်း ခေါင်းဆောင် များနှင့် တွေ့ဆုံကာ ၂၀၁၀ အစောပိုင်းမှ ၂၀၁၁ ခုနှစ်အတွင်း စုဆောင်းကောက်ယူခဲ့ကြပါသည်။ ယခု အစီရင်ခံစာ သည် ဤသို့တွေ့ဆုံမေးမြန်းမှုများ၏ ရလဒ်များအပေါ် အခြေခံရေးသားထားပြီး၊ စီမံကိန်း၏ တိုးတက်ဆောင် ရွက်နေမှုများကိုသော်လည်းကောင်း၊ လူထုများ ကြုံတွေ့ခံစား နေကြရသည့် ဆိုးကျိုးနစ်နာသက်ရောက်မှု များကိုသော်လည်းကောင်း လက်တွေ့ကွင်းဆင်း၍ မျက်ခြေမပြတ်စောင့်ကြည့် နေကာ ပြုစုတင်ပြထားခြင်း ဖြစ်ပါသည်။ နစ်နာ၍ တိုင်ကြားကြသောစာများ၊ မြေသိမ်းဆည်းသည့် မှတ်တမ်းမှတ်ရာများ၊ စီမံကိန်း၏ အစီအစဉ် ပုံပြကားချပ်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းမှ ဓာတ်ပုံများကို ဒေသခံသုတေသီများနှင့်မိမိတို့နှင့်ကွန်ရက်ချိတ်ဆက်ထားသည့်အင်အားစုများကစုဆောင်းတင်ပြထားခြင်း ဖြစ်ပါသည်။ ကွန်ပြူတာမှနေ၍ နောက်ထပ် သုတေသနပြုမှုများ၊ ယခုစီမံကိန်းနှင့် သက်ဆိုင်သည့် မူလက လေ့လာထားမှုများ၊ သတင်း မီဒီယာများမှ တင်ပြမှုများကိုလည်း ဖြည့်ဆည်း တင်ပြထားပါသည်။

မြန်မာနိုင်ငံသို့ တင်ပို့ရန် အဆင်သင့်ရှိနေပြီ ဖြစ်သည့် တရုတ်နိုင်ငံ၊ ဂျယ်ဂေါင်ရှိ ပိုက်လိုင်းများ

ယခုအခါ သဘာဝဓာတ်ငွေ့တူးဖော်၊ ထုတ်လုပ်ရန်နှင့် တင်ပို့ရောင်းချရန် တည်ဆောက်မှုကြီးများ၊ ထို့အပြင် အာဖရိကနှင့် အရှေ့ အလယ်ပိုင်းဒေသမှ တင်ပို့လာမည့် ရေနံများကို မြန်မာနိုင်ငံကို ဖြတ်သန်း၍ ပိုက်လိုင်းဖြင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် တည်ဆောက်မှုများ အစပျိုးဆောင်ရွက်နေကြပြီ ဖြစ်သည်။ ဒေသခံပြည်သူများအနေဖြင့် အလုပ်အကိုင်အသစ်များ မရရှိနိုင်ကြသည့်အပြင်၊ မြေများ ငါးဖမ်းစားသောက်ရန် ရေပြင်များ ဆုံးရှုံးကြရပါသည်။ အလုပ်အကိုင်ယာယီ ရရှိကြသူ ဒေသခံများမှာလည်း လုပ်ခကနည်း၊ ခေါင်းပုံဖြတ်မှုများလည်း တွေ့ကြုံခံစားနေကြရပါသည်။ အခြေခံ လူ့မှုအခွင့်အရေးများ တောင်းဆိုပါကလည်း အလုပ်မှ ထုတ်ခံကြရပါသည်။ အမျိုးသမီးများမှာလည်း တန်းတူညီမျှမှု မရှိသည့် လုပ်ခလစာများသာ ရရှိကာ၊ လျော်ကြေးပေးဆောင်သည့် လုပ်ငန်းစဉ်များတွင် ခွဲခြားဖိနှိပ်ဆက်ဆံမှုများ၊ နစ်နာမှုများ ကြုံတွေ့ ခံစားနေကြရသည်။ ထိုမျှမက လုပ်ငန်းစီမံကိန်းဝန်းကျင်တွင် လိင်ဖောက်ကားရောင်းဝယ်မှု ဈေးကွက်လည်း ကျယ်ပြန့် ဖြစ်ထွန်းလာခဲ့သည်။

"ရွှေသဘာဝဓာတ်ငွေ့ ပိုက်လိုင်း" ဟု ခေါ်ဆိုနေသည့် စီမံကိန်းအပေါ် ပြည်သူလူထုများ၏ မကျေနပ်မှုများ ကြီးထွားဖြစ် ပေါ်နေပြီး၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်မှုများကို မခံရပ်နိုင်ဘဲ စတင်ဆန့်ကျင်လာကြပါသည်။ ဖမ်းဆီးခံရမည့်အရေး ခြိမ်းခြောက်မှုများ၊ အန္တရာယ်များ ရှိနေသော်လည်း လယ်သမားများနှင့် ဒေသခံလူထုများက အာဏာပိုင်များထံ စာေဒကတက် တိုင်ကြားမှုများ ပြုနေကြပါသည်။ အလုပ်သမားများသည်လည်း လုပ်ခလစာပိုမိုရရှိရေး၊ လုပ်ငန်းခွင်

မြန်မာစစ်အစိုးရသည် နိုင်ငံ၏ အနောက်ဖက် ရခိုင်ကမ်းခြေမှ တွေ့ရှိလာသည့် ကမ္ဘာ့တန်းဝင် သဘာဝဓာတ်ငွေ့များကို ဖော်ထုတ်၍ အိမ်နီးချင်းနိုင်ငံများသို့ အမြောက်အများ တင်ပို့ရောင်းချနေသည်။ ဤသို့လောင်စာစွမ်းအင် အမြောက်အများတင်ပို့ရောင်းချနေသဖြင့် နိုင်ငံ၏ အနာဂတ်စီးပွားရေး အလားအလာနှင့် လုံခြုံမှုကို ချေဖျက်ဖြုန်းတီးပစ်နေရုံမျှသာမက၊ နိုင်ငံအတွင်း လျှပ်စစ်စွမ်းအင် ထုတ်ပေးနိုင်ရေး၊ ပြည်သူများအတွက် အလုပ်အကိုင်များ ဖန်တီးပေးရေးတို့ကိုလည်း ယုတ်လျော့လာစေပါသည်။ "ရွှေ" ကမ်းလွန်သဘာဝဓာတ်ငွေ့သိုက်မှနေ၍ သဘာဝဓာတ်ငွေ့ ကုဗတန်သန်း ထောင်ပေါင်းများစွာကို ထုတ်လုပ်နိုင်မည်ဖြစ်ပြီး၊ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးမှု အနိမ့်ပါးဆုံး ဖြစ်နေသည့် မြန်မာနိုင်ငံအတွက် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုး တက်မှုကို ဖန်တီးလုပ်ဆောင်မည်ဆိုလျှင် အမှန်တကယ် အလားအလာကောင်းပင် ဖြစ်သည်။ သို့သော်လည်း ဤသို့ လုပ်ဆောင်ရမည့်အစား ၎င်းဓာတ်ငွေ့များကို ပိုက်လိုင်းဖြင့် သွယ်တန်း၍ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချမည်ဖြစ်ရာ၊ ဓာတ်ငွေ့ ပိုက်လိုင်း ဖြတ်သန်းသွားရာ လမ်းကြောင်းတလျှောက်တွင်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမိုတိုးလာစေမည် ဖြစ်သည်။ ပဋိပက္ခများလည်း ပိုမိုပြင်းထန်လာဖွယ် ရှိနေပါသည်။

တိုးတက် ကောင်းမွန်စေရေးအတွက် သပိတ်မှောက် တိုက်ပွဲဝင်မှုများ ရှိလာနေသည်။ အိမ်ထောင်မှုထိန်းသိမ်း လုပ်ဆောင်နေကြသည့် အိမ်ထောင်ရှင်မများကလည်း လျှပ်စစ်စွမ်းအင် ရရှိရေး တောင်းဆိုလာကြပါသည်။

ဤအချိန်တွင် မြန်မာနိုင်ငံမြောက်ပိုင်း ပိုက်လိုင်းဖြတ်သန်းသွားမည့် နေရာတလျှောက်တွင် တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများနှင့် မြန်မာအစိုးရတပ်များအကြား တိုက်ခိုက်မှုများလည်း ပြန်လည်ဖြစ်ပွားလာခဲ့ပါသည်။

ကိုရီးယား၊ တရုတ်နှင့် အိန္ဒိယကုမ္ပဏီများက ယခု စီမံကိန်းတွင် ပါဝင်ပတ်သက်နေကြပြီး၊ သူတို့ ကုမ္ပဏီများ၏ နာမည်ဂုဏ်သိက္ခာနှင့် ရင်းနှီးမြှုပ်နှံမှုများကို လောင်းကစားသည့်သဖွယ် စွန့်စားရင်းနှီးလုပ်ကိုင်နေကြပါသည်။ လူမှုရေးအခရ တင်းမာမှုများ၊ စစ်ရေးပဋိပက္ခများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ တိုး၍ဖြစ်ပေါ်နေပြီး၊ စီမံကိန်း၏ စံနှုန်းကင်းမဲ့ပြီး လုပ်ဆောင်နေမှုကြောင့် ရင်းနှီးမြှုပ်နှံသူများ၏ စီးပွားရေးအသိုက်အဝန်းအတွင်းမှာပင် စိုးရိမ်ပူပန် မေးခွန်း ထုတ်စရာ ဖြစ်လာစေပြီး၊ အနည်းဆုံး ကိုးရီးယားနိုင်ငံမှ ပင်စင်ရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှု ပြုနေသည့် ကုမ္ပဏီ တစ်ခုက၊ ယခု ဓာတ်ငွေ့ ထုတ်လုပ်ငန်းတွင် ရင်းနှီးလုပ်ကိုင်နေသည့် ဒေဝူးအင်တာနေရှင်နယ် ကုမ္ပဏီထံမှ သူတို့ အစုရှယ်ယာများ ပြန်လည် ထုတ်နှုတ်ခဲ့ပါသည်။

ရပ်ရွာ လူမှုအသိုက်အဝန်း၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်မှသာ၊ ရင်းနှီးမြှုပ်နှံမှုများ စံချိန်စံနှုန်းအတိုင်း လိုက်နာဆောင်ရွက်နိုင်မှသာ၊ တာဝန်ယူ တာဝန်ခံမှုများ ရှိမှသာလျှင် အမှန်တကယ် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာရန် အကြောင်းရှိပါသည်။ ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းနှင့် မြန်မာပြည်ကို ဖြတ်သန်းသွားမည့် တရုတ် ပိုက်လိုင်းစီမံကိန်းတို့သည် ၎င်းအခြေအနေများ ရှိမနေသည့် အတွက်ကြောင့် ရပ်ဆိုင်းထားသင့်ပါကြောင်း။ ထောက်ပံ့ရင်းနှီးနေသည့် ရန်ပုံငွေများကိုလည်း ဆိုင်းငံ့ ပိတ်ပင်ထားခြင်း၊ ပြန်လည် အစုရှယ်ယာများ ထုတ်ယူခြင်း ပြုကြပါရန် တောင်းဆိုအပ်ပါကြောင်း။

ကမ်းလွန် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေးစင်များ

မည်သည့် စီမံကိန်းနည်း။ တန်ချိန် ၄၀,၀၀၀ ရှိသည့် ကမ်းလွန် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်သည့်စင်ဖြစ်ပြီး၊ ပင်လယ်ကြမ်းပြင်အောက်မှ သဘာဝဓာတ်ငွေ့များကို တူးဖော်စက်လွန်သွား အများအပြားဖြင့် ထုတ်လုပ်မည် ဖြစ်သည်။

အခြေအနေ။ ယခုအခါ တူးဖော်သည့်လွန်သွားများကို တည်ဆောက်နေကြသည်။

မည်သူများ လုပ်ဆောင်နေသနည်း။ ကိုရီးယားနိုင်ငံ၏ **ဒေဝူး အင်တာနေရှင်နယ်**က ဟွန်ဒိုင်း (Hyundai) အကြီးစား စက်မှုလုပ်ငန်းကို သော့ပေးအပ်သည့် ကန်ထရိုက်စာချုပ် ချုပ်ဆိုခဲ့ပြီး၊ ကမ်းလွန် တူးဖော်စင်နှင့် ပင်လယ်ပြင်အောက် အခြေခံအဆောက်အဦများကို ဆောက်လုပ်စေသည်။ ဂျပန်နိုင်ငံမှ တူးဖော်သည့် ကုမ္ပဏီက A-3 အကွက်တွင် ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီမှ ဧပြီလတွင် စတင်တူးဖော်နေပြီဖြစ်သည်။ **မြန်မာစစ်တပ်** က ယခုတူးဖော်နေသည့် နေရာသို့ လူအများသွားရောက်ခွင့် ပိတ်ပင်တားမြစ်ထားသည်။

မဒေးကျွန်းရှိ ရေနက်ဆိပ်ကမ်းနှင့် ရေနံ သိုလှောင်ရုံများ

မည်သည့် စီမံကိန်းနည်း။ အရှေ့အလယ်ပိုင်းနှင့် အာဖရိကမှ သယ်ဆောင်လာသည့် ရေနံများ ချပေးနိုင်ရန် သင်္ဘောကြီးများ ဆိုက်ကပ်နိုင်မည့် ဆိပ်ကမ်း တည်ဆောက်ရေး ဖြစ်သည်။ ထို့နောက် ရေနံတွန်းတင်စင်သို့ ပို့ပေးမည် ဖြစ်သည်။ ကျွန်းတနံတလျားရှိ တည်ဆောက်ရေးလုပ်ငန်းများသို့လည်း လမ်းမကြီးများဖြင့် ဆက်သွယ်ထားရန် စီစဉ်ထားသည်။

အခြေအနေ။ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလမှစ၍ တည်ဆောက်ရေး လုပ်ငန်းများ စတင်ခဲ့သည်။ ယခုအခါ ဆိပ်ကမ်းတွင် ကုန်ချမည့်ဆိပ်ခံနှင့် ရေနံလှောင်ကန်များအတွက် အခြေခံ ဖောင်ဒေးရှင်းကြီးများကို တည်ဆောက်ပြီး ဖြစ်၍၊ လမ်းဖောက်လုပ်ရေး လုပ်ငန်းများမှာ ဆောင်ရွက်နေဆဲ ဖြစ်သည်။

မည်သူများ လုပ်ဆောင်နေသနည်း။ တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်းမှ ဟိုက်ဒရိုချိုင်းနား ကုမ္ပဏီနှင့် လုပ်ငန်းခွင် တည်ဆောက်မှုများ အတွက် စာချုပ်ချုပ်ဆိုထားပြီး ဟိုက်ဒရိုချိုင်းနားမှ တဆင့် စီမံကိန်းအတွက် လိုအပ်သော ပစ္စည်းများတင်ပို့မှု (သဲ၊ ကျောက် အစရှိသည်ဖြင့်) များအတွက် မြန်မာနိုင်ငံမှ သန္တာနဂါးနှင့်ပြည်တော်စည် ကုမ္ပဏီများနှင့် လက်ခွဲကန်ထရိုက် စာချုပ်ချုပ်ဆိုထားသည်။ အေးရှားလ်ဝါး ကုမ္ပဏီမှ ရေသိုလှောင်ကန် တစ်ခုလည်း တည်ဆောက်နေပြီဖြစ်သည်။



ပင်လယ်ရေအောက် သဘာဝဓာတ်ငွေ့ ပိုက်လိုင်း

မည်သည့် စီမံကိန်းနည်း။ ပင်လယ်ရေအောက်ရှိ ၁၁၀ ကီလိုမီတာရှည်သည့် ပိုက်လိုင်းဖြစ်ပြီး၊ သဘာဝဓာတ်ငွေ့များကို ရမ်းဗြဲကျွန်းရှိ ကျောက်ဖြူ စခန်းသို့ ပို့လွှတ်ပေးမည် ဖြစ်သည်။

အခြေအနေ။ ပိုက်လိုင်းကို တည်ဆောက်နေဆဲဖြစ်သည်။ ပင်လယ်ရေအောက် တည်ဆောက်နေသည့် နေရာများတွင် ပင်လယ်ငါးဖမ်းလှေများနှင့် အခြားသင်္ဘောများ သွားလာခွင့်ကို ပိတ်ပင် ထားသည်။

မည်သူများ လုပ်ဆောင်နေသနည်း။ ယခု တည်ဆောက်မှုကို ဟွန်ဒိုင်း (Hyundai) အကြီးစား စက်မှုလုပ်ငန်းက ဒေဝူး အင်တာနေရှယ်နယ် ကုမ္ပဏီအတွက် ဆောက်လုပ်ပေးနေသည်။

ရမ်းဗြဲကျွန်းပေါ်ရှိ ကမ်းနီးရေတိမ် သဘာဝဓာတ်ငွေ့ ပို့လွှတ်စက်ရုံ

မည်သည့် စီမံကိန်းနည်း။ ကမ်းနီးရေတိမ် ပိုက်လိုင်းက ရေအောက်မှလာသည့် ပိုက်လိုင်းနှင့် ဆက်သွယ်မည် ဖြစ်ပြီး၊ ကမ်းပေါ်ရှိ ဓာတ်ငွေ့ပို့လွှတ်ရုံသို့ နောက်ဆုံးရောက်ရှိမည် ဖြစ်သည်။

အခြေအနေ။ ကမ်းနီးရေတိမ် ပိုက်လိုင်းကို လိပ်ခမော်နှင့် ဂုံးချို့န်ကျေးရွာအုပ်စုတွင် တည်ဆောက်နေပြီ ဖြစ်သည်။ မြေဧက ၂၀၀ ခန့်ကို သိမ်းယူ၍ လမ်းတလျှောက် ရှင်းလင်းထားပြီး ဖြစ်သည်။ ကမ်းပေါ်ရှိ သဘာဝဓာတ်ငွေ့ ပို့လွှတ်စက်ရုံကို ယခုအခါ လိပ်ခမော်နှင့် မရကျွန်းကျေးရွာများ အနီးရှိ မြေ ၁၀၈ ဧကပေါ်တွင် တည်ဆောက်နေဆဲ ဖြစ်သည်။ လုပ်သား ၆၀၀ အတွက် နေအိမ်များကို ဂုံးချို့န်ကျေးရွာအပြင်တွင် ဆောက်လုပ်ထားပြီး ဖြစ်သည်။

မည်သူများ လုပ်ဆောင်နေသနည်း။ ယခု တည်ဆောက်မှုကို ဟွန်ဒိုင်း (Hyundai) အကြီးစား စက်မှုလုပ်ငန်းက ဒေဝူး အင်တာနေရှယ်နယ် ကုမ္ပဏီအတွက် ဆောက်လုပ်ပေးနေသည်။ လိုအပ်သည့် လုပ်အားအတွက် မြန်မာနိုင်ငံမှ မြန်မာ ရွှေသရဖူ [Myanmar Golden Crown (MGC)] နှင့် ရေနံ ဝန်ဆောင်မှု အကြံပေးကုမ္ပဏီ Petroleum Services Consultancy (PSC) ကို လက်ခွဲကန်ထရိုက် ပေးထားသည်။

မြန်မာနိုင်ငံ အလယ်ပိုင်းရှိ ဆောက်လုပ်ရေး လုပ်ငန်းခွင်သို့ သယ်ပို့မည့် ပိုက်လိုင်းများ

တပ်တောင်

တရုတ်၊ ကူမင်းမြို့သို့

မြန်မာနိုင်ငံကို ဖြတ်သန်းသွားမည့် တရုတ် ရေနံ-ဓာတ်ငွေ့ပိုက်လိုင်း

မည်သည့် စီမံကိန်းနည်း။ ၂,၈၀၀ ကီလိုမီတာ ရှည်လျားသည့် ပိုက်လိုင်းသည် ၁၂ ဘီလီယံကုဗမီတာ ရှိသည့် သဘာဝဓာတ်ငွေ့များကို တရုတ်နိုင်ငံ နန်နင်းသို့ နှစ်စဉ် တင်ပို့ပေးနိုင်မည် ဖြစ်သည်။ ၎င်းနေရာတွင် လျှပ်စစ်ထုတ်လုပ်မည်ဖြစ်ပြီး၊ တရုတ်နိုင်ငံ အနောက်တောင်ပိုင်းသို့ ဖြန့်ဖြူးပေးမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူပြုမည် ဖြစ်သည်။ နောက်ထပ် ၁,၁၀၀ ကီလိုမီတာ ရှည်လျားသည့် ပိုက်လိုင်းဖြင့် အာဖရိကနှင့် အရှေ့အလယ်ပိုင်းမှ တင်သွင်းလာသည့် ရေနံများကို နှစ်စဉ်တန်ချိန် ခန့်မှန်း ၂၂ သန်းမျှ တင်ပို့ပြီး ကူမင်းမြို့ရှိ ရေနံချက်စက်ရုံတွင် သန့်စင်မည်ဖြစ် သည်။

အခြေအနေ။ မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းကို ၂၀၁၀ ခုနှစ်၊ ဇွန်လတွင် မြန်မာနိုင်ငံဖက် အခြမ်းတွင်လည်းကောင်း၊ ၂၀၁၀ ခုနှစ် စက်တင်ဘာလတွင် တရုတ်နိုင်ငံဖက် အခြမ်းတွင်လည်းကောင်း စတင်တည်ဆောက်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် စတင်လည်ပတ်နိုင်မည်ဟု မျှော်မှန်းထားသည်။ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံတွင်းသို့ ပိုက်လိုင်းများကို ထရပ်ကားကြီးများဖြင့် ယခုနှစ် မေလမှစ၍ မူဆယ်နယ်စပ်ဂိတ်ကို ဖြတ်ကျော်၍ တင်ပို့နေလျှက် ရှိသည်။

မည်သူများ လုပ်ဆောင်နေသနည်း။ တရုတ်နိုင်ငံ အစိုးရပိုင် တရုတ်အမျိုးသား ရေနံ ကော်ပိုရေးရှင်း China National Petroleum Corporation (CNPC) က ပိုက်လိုင်းစကြ်န်တည်ဆောက်ရေးနှင့် လည်ပတ်မှု လုပ်ငန်းများကို ကြီးကြပ်မည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ ဖြတ်လမ်းဖြင့် အမြတ်အစွန်း ဖြစ်နေမှုကြောင့် အိန္ဒိယနိုင်ငံက မနာလိုဝန်တို ဖြစ်လာခြင်း

မြန်မာနိုင်ငံကို ဖြတ်သန်းသွားမည့် တရုတ်နိုင်ငံ၏ ပိုက်လိုင်းစကြ်န်ကြောင့် တရုတ်နိုင်ငံမှ တင်သွင်းသူများသည် ရွှေသဘာဝဓာတ်ငွေ့သိုက်မှ ဓာတ်ငွေ့များသာမက၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကမှ ရေနံကိုပါ တရုတ်နိုင်ငံသို့ တင်ပို့နိုင်တော့မည် ဖြစ်သည်။ မလက္ကာ ရေလက်ကြားကို ဖြတ်သန်းနေစရာ မလိုတော့ပေ။ (မြေပုံကိုကြည့်ပါ) အိန္ဒိယနိုင်ငံအဖို့ဓာတ်ငွေ့ထွက်ရာ ရွှေဓာတ်ငွေ့သိုက်နှင့် နီးသော်လည်း မရရှိသည့်အတွက် စိတ်ပျက်နေရသည်။ ဓာတ်ငွေ့ ဝယ်ယူရေးအတွက် ညှိနှိုင်းရာတွင် အိန္ဒိယနိုင်ငံက တရုတ်နိုင်ငံနှင့် ယှဉ်ပြိုင် နိုင်ခြင်း မရှိခဲ့ပေ။

မဒေးကျွန်းရှိ အခြားအခြေခံ အဆောက်အဦများ

ကုလားပါတောင်နှင့် မဒေးကျွန်းကို ဆက်သွယ်ထားသည့် တံတားတစ်စင်းကို တည်ဆောက်နေပြီး၊ မဒေးကျွန်းပေါ်ရှိ ရွာမနှင့် ပြိန်ကျေးရွာအကြားတွင်ရဲစခန်းကြီးတစ်ခုကိုတည်ဆောက်နေသည်။



စီးပွားရေးအရ ပျက်စီးဆုံးရှုံးမှုများ

သဘာဝရင်းမြစ်များကို ထုတ်လုပ်၍ နိုင်ငံခြားသို့တင်ပို့ ရောင်းချနေမှုသည် ကုန်ကြမ်းများကို ပြုန်းတီးစေသည်။ ၎င်းတို့ကို အခြေခံပြီး တန်ဖိုးမြင့်စေရန် ဆက်လက်ထုတ်လုပ်နိုင်မည့် ဒုတိယအဆင့် ကုန်ထုတ်လုပ်ငန်းများ တည်ထောင်ရန်အတွက် နှင့် ပို၍ ကျယ်ပြန့်သည့် အလုပ်အကိုင်ဖန်တီးပေးနိုင်မှု အလားအလာများကိုလည်း ဆုံးရှုံးစေပါသည်။ သဘာဝရင်းမြစ်ထုတ်လုပ် ရောင်းချနေမှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများတွဲ၍ ဖြစ်ပေါ်လာသည့်အခါ မူလကတည်းက ဆင်းရဲ-ချမ်းသာ ကြီးစွာကွာဟနေသည့် အနေအထားတွင် ဆင်းရဲသူများအတွက် သာယာဝပြောမှုကိုသော်လည်းကောင်း၊ ဝင်ငွေဘဏ္ဍာ ကိုသော်လည်းကောင်း များစွာ ထိခိုက်နစ်နာစေပါသည်။ စီးပွားရေးစနစ် ပျက်စီးစေရန် အကြောင်းကို ဖန်တီးပေး၍ လူအများ ရွှေ့ပြောင်းအခြေချရမှုကို တိုး၍ ဖြစ်ပေါ်စေပါသည်။

အလုပ်လက်မဲ့များ ဖြစ်ပေါ်စေခြင်း

ရခိုင်ပြည်နယ်ရှိ လူများစုသည် ငါးဖမ်းလုပ်ငန်းနှင့် စိုက်ပျိုးရေး လုပ်ငန်းတို့ကို အထူးမှီခိုအားထား၍ သက်မွေးဝမ်းကျောင်း နေကြရပါသည်။ ယခုအခါ ၎င်းလုပ်ငန်းများ ပျက်စီးကြရရုံမျှ မက ဒေသခံပြည်သူများအဖို့ အလုပ်လက်မဲ့ဘဝ၊ ဝင်ငွေမရှာ နိုင်တော့သည့် အခြေအနေနှင့် ကြုံတွေ့ကြရပါသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ စီမံကိန်းမှသော်လည်းကောင်း၊ ၎င်းစီမံကိန်း များနှင့် ဆက်စပ်နေသည့် အခြေခံအဆောက်အဦ တည်ဆောက် ရေးလုပ်ငန်းများမှသော်လည်းကောင်း အခြားအလုပ်အကိုင် အခွင့်အလမ်းများလည်း ယခုတိုင် ပြည့်စုံလုံလောက်အောင် ဖန်တီးပေးနိုင်ခြင်း မရှိသေးပါ။ အလုပ်အကိုင် ရရှိကြသူများ အဖို့လည်း ဝင်ငွေနည်းလွန်းခြင်းနှင့် လုပ်ငန်းခွင် မလုံခြုံသည့် အခြေအနေ ကြုံတွေ့ရပြန်သည်။ အလုပ်အကိုင်များမှာလည်း ယာယီသဘောသာ ဖြစ်နေကြသည်။ ဤအခြေအနေကြောင့် မိသားစု ရှင်သန်နေထိုင်ရေးအတွက် လူအများ ပြောင်းရွှေ့ အခြေချခြင်းများ တိုးတက်ဖြစ်ပေါ် လာပါသည်။

"ကျနော်တို့မြေတွေ သိမ်းခံရတယ်။ ကျနော်တို့ ငါးဖမ်း နေတဲ့ နေရာတွေလည်း ကန့်သတ်ခံကြရတယ်။ အခု တော့ ကျနော်တို့ အလုပ်လက်မဲ့ ဖြစ်နေကြရပြီ။ သူတို့ က အလုပ်အကိုင် ရစေမယ်လို့ ကတိပေး ကြပေမယ့်၊ အလုပ်တွေက ရေတိုပဲ။ လခကောင်းကောင်းလည်းပေး တာမဟုတ်ဘူး။ ကျနော့်သား အပါအဝင် ဒေသခံတွေက အလုပ်လုပ်ဖို့ မလေးရှား၊ ဒါမှမဟုတ် ထိုင်းကို ထွက် သွားကြရတယ်။"

(ရွှေဓာတ်ငွေ့ စီမံကိန်းကြောင့် မြေဆုံးရှုံးရသူ မဒေးကျွန်းမှ အမျိုးသားတစ်ဦး)

ဒေသခံများအတွက် နယ်မြေသွားလာမှု ကန့်သတ်ခံရခြင်း ငါးဖမ်းလုပ်ငန်းအတွက် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လာခြင်း

ရမ်းဗြဲကျွန်းနှင့် မဒေးကျွန်းအနီး ငါးဖမ်းနေကြသည့် နေရာ များစွာကို ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်ကြေညာခဲ့ပါ သည်။ ၎င်းအမိန့်အတိုင်း လိုက်နာစေရန် သစ်ပုတ်တောင်ရှိ ရေတပ်စခန်းက စည်းကြပ်အကောင်အထည်ဖော်ပါသည်။ ရေတပ် ကင်းလှည့်သင်္ဘောများကလည်း ခြိမ်းခြောက်မှုများ ပြုလုပ်နေပြီး၊ ဒေသခံငါးဖမ်းလှေများထံမှ "အခွန်" ဟူ၍ တောင်းခံနေ ခြင်းကြောင့် ပို၍ အခက်အခဲတွေ့နေကြရသလို၊ သူတို့ငါးဖမ်းလုပ်ငန်းအတွက်လည်း ပို၍ကုန်ကျစရိတ် များပြား လာစေပါသည်။

အစဉ်အလာအားဖြင့် မဒေးကျွန်းတဝိုက်ရှိ ပင်လယ်အော်ကို ငါးဖမ်းလှေများက အန္တရာယ်ကင်းသည့် ဖြတ်လမ်းအဖြစ် အသုံး ချလေ့ရှိပြီး၊ သဘာဝဘေးဒဏ်များနှင့် လေပြင်းမုန်တိုင်းများ ဒဏ်မှ ခိုလှုံလေ့ရှိကြသည်။ ရေတပ်သင်္ဘောများ ကင်းလှည့်မှု များလာပြီး၊ ငွေတောင်းခံမှုများ ရှိလာသောကြောင့် ငါးဖမ်းလှေများ မှာ ရမ်းဗြဲကျွန်းပြင်မှ အခြားရေလမ်းကို ရွေးချယ်ခဲ့ကြရပါသည်။ ၎င်းရေလမ်းမှာ သူတို့အတွက် သဘာဝဘေးဒဏ် အန္တရာယ် ပို၍များပြီး၊ ကုန်ကျစရိတ်လည်း တိုးမြင့်လာ စေပါသည်။

ရေနက်ဆိပ်ကမ်း တည်ဆောက်နေမှုကြောင့် အခြားသော စီးပွားရေးလုပ်ငန်းကြီးများကို ဆွဲဆောင်မှု ဖြစ်ပေါ်လာစေပြီး၊ နိုင်ငံခြားပိုင် ငါးဖမ်းလှေ အများအပြားလည်း ရခိုင်ကမ်းခြေရှိ ငါးဖမ်းလုပ်ငန်းသို့ ဝင်ရောက်လာခဲ့ကြပါသည်။ သို့အတွက် ကြောင့် ဒေသခံတံငါများအတွက် အခြားသောခြိမ်းခြောက်မှု များလည်း ကြုံတွေ့လာရသည်။ စစ်တပ်နှင့် နီးစပ်သည့် စီးပွားရေးလုပ်ငန်းရှင်များက ငါးဖမ်းကွက်များကို ပို၍ လွှမ်းမိုး ချယ်လှယ်ခွင့် ရှိနေကြပြီး၊ ၎င်းတို့က ဒေသခံတံငါများထံမှ

"နိုင်ငံခြားသင်္ဘောကြီးတွေက ဓာတ်ငွေ့ပိုက်လိုင်း ဖောက်နေတဲ့နေရာတွေမှာ အလုပ်လုပ်နေကြတယ်။ ကျနော်တို့ ငါးဖမ်း နေတဲ့နေရာတွေမှာ ထင်သလို စည်းကမ်းမဲ့ သွားလာနေကြတယ်။ ကျနော်တို့ ငါးဖမ်းပိုက်တွေလည်း ကျောက်ဆူးတွေ၊ သံကြိုးတွေကြောင့် ပျက်စီးကုန်ကြတယ်။ ဘယ်သူမှ လျော်ကြေး ပြန်မရကြဘူး။ အခုတော့ ဘယ်သူမှ ပိုက်မချရဲကြတော့ဘူး" (မဒေးကျွန်းမှ တံငါတစ်ဦး)

ငါးဖမ်းသည့် အခွန်အခကို တောင်းခံနေကြပြန်သည်။ ၂၀၁၁ ခုနှစ်၊ မေလတွင် ရခိုင်ပြည်နယ် အစိုးရက ရခိုင်ကမ်းခြေ တလျှောက်ရှိ ငါးဖမ်းကွက်များအတွက် လေလံပွဲကို ကျင်းပခဲ့ပြီး အာဏာရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) နှင့် နီးစပ်သူများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ငါးဖမ်းခွင့်လိုင်စင် ချပေးခဲ့ပါသည်။

ဒေသရှိ စိုက်ပျိုးရေးလုပ်ငန်းများလည်း ပြိုကွဲရခြင်း

ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင်လည်းကောင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်း အပါအဝင် ပိုက်လိုင်းဖြတ်သန်းသွားမည့် နေရာတလျှောက် ရှင်းလင်းရန်နှင့် လိုအပ်သည့် အခြားအခြေခံအဆောက်အဦများ ဆောက်လုပ်ရန်အတွက် စိုက်ပျိုးမြေဧက ထောင်ပေါင်းများစွာကို သိမ်းယူခဲ့ကြပါသည်။ စိုက်ကွင်းများကိုလည်း မသွားရောက်နိုင်၊ မစိုက်ပျိုးနိုင် ဖြစ်ခဲ့ကြရသည်။ ရမ်းဗြဲကျွန်းပေါ်တွင် "ကန့်သတ်နယ်မြေ" အဖြစ် ဒေသခံအာဏာပိုင်များက သတ်မှတ်ကြေညာခဲ့သော နေရာများမှာ စိုင်ချုံ၊ စစ်တော၊ နဂါးမော်ကျေးရွာများသို့တိုင် ကျယ်ပြန့်လာခဲ့ပါသည်။ ဆောက်လုပ်ရေးပစ္စည်းများနှင့် ယန္တယားများ သယ်ယူလာ သည့် ထရပ်ကားများကလည်း ကွင်းများထဲသို့ ဖြတ်ကျော် မောင်းနှင်ခဲ့ကြရာ၊ စိုက်ခင်းများ၏ မြေဆီပါ ပျက်စီးခဲ့ကြရသည်။ ဆောက်လုပ်ရေး လုပ်ငန်းခွင်နှင့် နီးစပ်သော နေရာများ၌ အချို့သော လယ်သမားများကို ၎င်းတို့၏ လယ်ကွင်းထဲတွင် သီးနှံမစိုက်ပျိုးရန် တားမြစ်ခဲ့ကြသည်။ ကုမ္ပဏီကလည်း စွန့်ပစ်ပစ္စည်းများကို လယ်ကွင်းများထဲသို့ သွန်ချစီးဆင်း စေခဲ့ကြပါသည်။

အလုပ်အကိုင်အသစ်များ မရှိခြင်း

ယေဘုယျအားဖြင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ရောင်းချသော လုပ်ငန်းမျိုးတွင် ကုမ္ပဏီများက ပုံမှန်အားဖြင့် လုပ်သားများ ဒေသအတွင်း တင်သွင်းခေါ်ဆောင်လာကြပြီး၊ သဘာဝရင်းမြစ်များကို အကျိုးအမြတ်အတွက် တင်ပို့ရောင်းချကြပါသည်။ ဒေသခံပြည်သူများအတွက် အကျိုးအနည်းငယ်မျှသာ ဖြစ်စေတတ်ပါသည်။ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းသည်လည်း အလားတူပုံစံပင် ဖြစ်သည်။ စီမံကိန်းဆောင်ရွက်နေကြသည့် ကုမ္ပဏီများအနေဖြင့် ဒေသခံများထံမှ လုပ်သားများ အရည်အသွေး တိုးတက်လာစေရန် လုပ်ဆောင်ခြင်း မရှိဘဲ၊ လုပ်ငန်းခွင်ဆိုင်ရာ သင်တန်းများ၊ ဗဟုသုတ ဖလှယ်ဝေငှ ခြင်းများလည်း မရှိပါ။ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ အလယ်ပိုင်းမှ လုပ်သားများ ထောင်နှင့်ချီ၍ ဝင်ရောက်လာကြပါသည်။ ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်း အနည်းငယ်မျှသာ ရှိစေပြီး၊ တည်ငြိမ်သည့်၊ ကျွမ်းကျင်သည့် အလုပ်အကိုင်မျိုး ရရှိရန် အခွင့်အလမ်း နည်းပါးလွန်းလှပါသည်။

ယာယီ၊ မလုံခြုံသည့် အလုပ်အကိုင်များလည်း အကန့်အသတ်ဖြင့်သာ ရရှိကြခြင်း

ဒေသခံပြည်သူအများစုမှာ ကျောက်ခွဲ၊ ကျောက်သယ်ကဲ့သို့သော အလုပ်ကြမ်းမျိုးကိုသာ ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် အလုပ်ရရှိကြပါသည်။ ယခုကဲ့သို့ ကျွမ်းကျင်မှုနိမ့်လုပ်သားများ

"ကုမ္ပဏီတွေက သူတို့စီမံကိန်းအတွက် လမ်းဖောက်ဖို့ မြေတွေကို ပုံထားကြတယ်။ ဒါနဲ့ပဲ လမ်းဘေးတလျှောက်က လယ်ယာတွေ မိုးရွာရင် ရေလွှမ်းကုန်ကြတယ်။ လမ်းဖောက်တာနဲ့ ရေနုတ်မြောင်းတွေ၊ ချောင်းတွေလည်း ပိတ်ဆို့ကုန်ကြတယ်။ ရေထုတ်လို့ မရနိုင်တော့သလို၊ နွေမှာလည်း စပါးစိုက်လို့ မရနိုင်တော့ဘူး"
(ကျောက်ဖြူမှ ဒေသခံလယ်သမားတစ်ဦး)

စိုက်ခင်းများထဲ ပုံထားသည့် ဆောက်လုပ်ရေး လုပ်ငန်းခွင်မှ အညစ်အကြေးများ

မှာ အလုပ်အကိုင် လုံခြုံမှုမရှိကြဘဲ လုပ်ခလစာလည်း အနည်းအကျဉ်းမျှသာ ရရှိပါသည်။ (တစ်ရက်လျှင် အမေရိကန် သုံးဒေါ်လာအောက် ဖြစ်သည့် မြန်မာကျပ်ငွေ ၂,၅၀၀ မျှသာ ရရှိ ကြသည်။) လုပ်ငန်းခွင်များမှာ အန္တရာယ်ကြီးမားပြီး၊ လုပ်ငန်းခွင် လုံခြုံရေး၊ ကျန်းမာရေးကိစ္စများနှင့် ပတ်သက်၍လည်း လျစ်လျူရှုထားပါသည်။ ၂၀၁၁ ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် မဒေးကျွန်း ပေါ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင် တွင် အလုပ်လုပ်နေသော အမျိုးသမီးတစ်ဦးသည် ကုမ္ပဏီပိုင် ကားတိုက်ခံရပြီး၊ ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့သည်။ သူ့ကို (အမေရိကန် ၂ ဒေါ်လာ လောက်သော မြန်မာကျပ်ငွေ ၂,၀၀၀ သာ ကျန်းမာရေးစရိတ် အတွက် ထုတ်ပေးခဲ့သည်။) ဆောက်လုပ်ရေးလုပ်ငန်းများမှာ သဘာဝအရ ယာယီ လုပ်ငန်းများဖြစ်သည်။ အမှန်တကယ် ဓာတ်ငွေ့တင်ပို့ ရောင်းချမှုသည် ရေရှည်အလုပ်အကိုင်၊ အခွင့် အလမ်းများ ပိုမိုဖြစ်ပေါ်လာစေသင့်ပါသည်။

"လျော်ကြေးငွေလော"၊ ပျက်စီးစေခြင်းလော

မိသားစုပိုင်မြေများ သိမ်းယူခဲ့သည့်အတွက် တစ်ကြိမ်တည်း ပုတ်ပြတ်ပေးသော လျော်ကြေးငွေနှင့် အသက်မွေးဝမ်းကျောင်းမှုအတွက် လုပ်ငန်းများသည် လူအများအတွက် ဖူလုံမှု မရှိကြပါ။ အချို့သော အခြေအနေများတွင် စီးပွားရေး လုံးဝ ချွတ်ခြုံကျ ပျက်ယွင်းသွားရသည်အထိ ဖြစ်စေပါသည်။ ဥပမာအားဖြင့် - မဒေးကျွန်းမှ မိသားစုတစ်စုသည် လျော်ကြေးရရှိသည့် ငွေဖြင့် ငါးဖမ်းလှေတစ်စင်း ဝယ်ယူခဲ့သည်။ သို့သော်လည်း များမကြာမီတွင် ဂီရိဆိုက်ကလုန်းမုန်တိုင်းကြောင့် လှေလည်း လုံးဝ ပျက်စီးသွားရရာ၊ မိသားစုလည်း လုံးဝဒုက္ခကြုံရတော့သည်။ အခြားသောဖြစ်ရပ်တစ်ခုတွင် ဂုံးချိန်ကျေးရွာမှ မိသားစု တစ်စုသည် မော်တော်ဆိုင်ကယ် ဝယ်ယူခဲ့သော်လည်း၊ သေလောက်သည့် မတော်တဆဖြစ်ရပ်တစ်ခုတွင် ဆိုင်ကယ်လည်း ပျက်စီးဆုံးရှုံးခဲ့ရသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မရှိခြင်း

စီမံကိန်းအကောင်အထည်ဖော်မည့် ဒေသတွင် ကာလကြာမြင့်စွာကပင် ကြုံတွေ့နေကြရသည့် သောက်သုံးရေသန့် မရရှိခြင်း၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုများ ချို့တဲ့နေခြင်း၊ လျှပ်စစ်စွမ်းအား မလုံလောက်ခြင်းတို့သည် ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်းရောက်ရှိလာသော်လည်း ယခင်အခြေအနေထက် တိုးတက်လာခြင်း မရှိပေ။ သဘာဝဓာတ်ငွေ့ကို ပြည်တွင်းတွင် လိုအပ်နေသည့် လောင်စာစွမ်းအင်အတွက် သုံးနိုင်ပြီး၊ စီးပွားရေး တိုးတက်ဖွံ့ဖြိုးလာစေရန်လည်း တွန်းအားဖြစ်ပေါ်စေနိုင်သည်။ စနစ်တကျ အသုံးချမည်ဆိုလျှင် ရေရှည်တည်တံ့သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများလည်း ဖော်ဆောင်နိုင်ဖွယ် ရှိသည်။ အစိုးရက ဤကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများပြုလျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အား အင်ဂျင်ဖြစ်စေနိုင်သော်လည်း၊ အစိုးရက ထည့်ဝင်မြှုပ်နှံမှုမှာ မဆိုစလောက်မျှပင် တွေ့နေရသည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးမှု အနေးကွေးဆုံးနိုင်ငံများအနက် အဆင့် ၄၈ နေရာ ရောက်နေသည်ကို တွေ့ရှိရသည်။

ရွှေ့ပြောင်းအခြေချမှုနှင့် အိုးအိမ်ပျက်စီးရမှု

အိမ်နီးချင်းနိုင်ငံများတွင် မြန်မာနိုင်ငံမှ ဓာတ်ငွေ့ကို သုံး၍ စက်မှုလုပ်ငန်းများ တည်ဆောက်နေသော်လည်း၊ မြန်မာနိုင်ငံမှ ပြည်သူများမှာမူ စီးပွားရေး အကျပ်အတည်းများကြောင့် တိုင်းပြည်တွင်းမှနေ၍ ပြည်ပသို့ သန်းနှင့်ချီ၍ ထွက်ပြေးနေကြရသည်။ ခန့်မှန်းချက်များအရ မြန်မာနိုင်ငံမှ ရွှေ့ပြောင်းလုပ်သား ၂ သန်းကျော်မှာ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေကြရပြီး အခြား ၁ သန်းခန့်မှာ မလေးရှား၊ တရုတ်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်၊ စင်္ကာပူနိုင်ငံများတွင် ရောက်ရှိနေကြသည်။ ရွှေ ဓာတ်ငွေ့စီမံကိန်းကြောင့် ဒေသခံပြည်သူများ၏ စီးပွားရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးစေရပြီး၊ အလုပ်အကိုင်များလည်း သိသိသာသာ တိုးတက်ဖြစ်ပေါ်လာခြင်း မရှိပေ။ နိုင်ငံပြည်ပသို့ ထွက်ခွာ၍ အလုပ်ရှာဖွေရသူများသာ များပြားလာစေခဲ့သည်။ လူအများက တစ်နေ့ရှင်သန်ရေးအတွက် ရုန်းကန်ရှာဖွေစားသောက်နေကြရသည့်အတွက် မြန်မာနိုင်ငံ၏အခြား ဒေသ၊ ပြည်နယ်များတွင် စိုက်ခင်းများ၌သော်လည်းကောင်း၊ သတ္တုမိုင်းများ၌သော်လည်းကောင်း ပြောင်းရွှေ့လုပ်ကိုင်နေ ကြရသည်။ အိမ်မှဝေးကွာ၍ အလုပ်လုပ်ကိုင်နေကြရသည့်အတွက် ၎င်းတို့အပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း၊ လုပ်ခ လစာလျှော့နည်း၍ ပေးခြင်းများလည်း ကြုံတွေ့နေကြရသည်။

ပြည်တွင်း ရွှေ့ပြောင်းအခြေချနေထိုင်ရမှု စောင့်ကြည့်လေ့လာရေးဆိုင်ရာ ဌာန (Internal Displacement Monitoring Center) ၏ ၂၀၀၇ ခုနှစ် လေ့လာမှုတစ်ခုအရ ရခိုင်ပြည်နယ်အတွင်း ပြောင်းရွှေ့နေထိုင်ရမှုများကို စစ်တမ်းကောက်ယူလေ့လာခဲ့ရာတွင် (၈၇%) က စားနပ်ရိက္ခာ လုံခြုံမှု မရှိသည့်အတွက်ကြောင့်ဟု ဖြေကြားခဲ့ပြီး၊ (၇၈%) က စီးပွားရေး ရည်မှန်းချက်များဖြင့် ပြောင်းရွှေ့သည်၊ (၆၉%) က လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် ပြောင်းရွှေ့သည်၊ (၆၇%) က အဓမ္မလုပ်အားခိုင်းစေမှုများကြောင့် သော်လည်းကောင်း၊ (၆၇%) က အခွန်အခ ကြီးမားခြင်း၊ အတင်းအကျပ်ငွေတောင်းခံမှုများကြောင့်သော်လည်းကောင်း၊ ကျန် (၅၄%) က မြေယာ သိမ်းပိုက်မှုကြောင့်သော်လည်းကောင်း နေရပ်ရင်းစွန့်ခွာ ပြောင်းရွှေ့ကြရသည်ဟု ဖော်ပြခဲ့သည်။[1]



"သူတို့နေတဲ့ ပတ်ဝန်းကျင် မြေ၊ သစ်တော၊ တောတောင်၊ ရေကန်၊ ချောင်း၊ မြစ်၊ ပင်လယ် တွေမှာ ဘဝသက်မွေးဝမ်းကျောင်းမှုအတွက် လွတ်လပ်စွာ ရပ်တည်ခွင့် မရှိကြတော့၊ အခြား အလုပ်အကိုင်လည်း မရှိကြတော့ သူတို့ မွေးရပ်မြေကို စွန့်ခွာပြီး တခြားအခွင့်အလမ်းရှိတဲ့ နေရာတွေမှာ ရှင်သန်ဖို့ သွားကြရတော့ တယ်" ဟု ရခိုင်အမျိုးသားတိုးတက်ရေးပါတီ (RNDP) ၏ အထွေထွေအတွင်းရေးမှူး ဦးလှစော က ပြောသည်။

"ကျနော်ဒီရွာမှာ နေနေရတာက ကျနော့် ကလေးတွေကို စောင့်ရှောက်ဖို့ပဲ။ တခြားသူ အများကတော့ ရွှေ့ပြောင်းလုပ်သားတွေအဖြစ် မလေးရှား၊ နောက်ပြီး ကချင်ပြည်နယ်က မိုင်းတွေကို သွားကြပြီ"
(ဂုံးချိန်ကျေးရွာမှ ရွှေဓာတ်ငွေ့စီမံကိန်းကြောင့် မြေယာဆုံးရှုံးခဲ့ရသူ အမျိုးသားတစ်ဦး။ ၂၀၁၀ ခုနှစ် ဇူလိုင်လ)

ဒေသခံ လုပ်သားများအတွက် နေထိုင်ရမှု အခြေအနေ

တရုတ်လုပ်သားများ နေထိုင်ရမှု အခြေအနေ

ကျောက်ဖြူ အထူးစီးပွားရေးဇုန် (SEZ)

မည်သည့် စီမံကိန်းနည်း။ အဆိုပြုထားသည့် ဇုန်နယ်မြေသည် ကျောက်ဖြူမြို့၏ တစ်ဝက်နီးပါးမျှ လွှမ်းခြုံနေပြီး၊ နိုင်ငံရပ်ခြား ကုမ္ပဏီများက ရေနံဓာတုစက်ရုံများ၊ တရုတ်နိုင်ငံထုတ် ထွက်ကုန်များကို ပြည်ပတင်ပို့နိုင်ရန် လိုအပ် သည့် အခြေခံ အဆောက်အဦများ တည်ဆောက်ရန်ကိစ္စများ ပါဝင်သည်။ (မြေပုံကို ကြည့်ပါ) ၎င်းနေရာတွင် ရေတပ်စခန်းကိုလည်း တိုးချဲ့တည်ဆောက်ရန် ရှိနေပြီး၊ ယူနန်ပြည်နယ်မှ ရခိုင်သို့လာမည့် ရထားလမ်း အဆုံးသတ် ရာ နေရာလည်း ဖြစ် သည်။

အခြေအနေ။ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား "ဆိပ်ကမ်းနှင့် ရထားလမ်း တည်ဆောက်မှုစီမံကိန်းများနှင့် ဆက်စပ်နေသည့် ကျောက်ဖြူ စီးပွားရေးနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက် ရေးဇုန်အဖြစ် အကောင်အထည်ဖော်ရေး နားလည်မှုစာချွန်လွှာ အပိုထပ်ဆောင်း သဘောတူညီချက်" ကို လက်မှတ်ရေးထိုးခဲ့ ကြပါသည်။ သဘောတူညီချက် အသေးစိတ်ကို ထုတ်ပြန်ခဲ့ခြင်း မရှိပါ။ အဆိုပြုထားသည့် ဇုန်နယ်မြေအတွင်းနှင့် အနီး ချုပ်စပ်တွင် မြေရောင်းဝယ်မှု ဈေးကွက်လည်း ကြီးမားစွာ ဖြစ်ပေါ်လာခဲ့ပါသည်။ ဒေသခံပြည်သူများမှာမူ အထူးစီးပွားရေး ဇုန် (SEZ) အစီအစဉ်နှင့် ပတ်သက်၍ သိရှိနိုင်ခြင်း လုံးဝမရှိဘဲ၊ ၎င်းစီမံကိန်းများကြောင့် သူတို့၏ဘဝများအပေါ် မည်သို့ သက်ရောက် ရိုက်ခတ်လာနိုင်ကြောင်းကိုလည်း သိမြင်နိုင်ခြင်း မရှိကြပေ။

မည်သူများ လုပ်ဆောင်နေသနည်း။ တရုတ်နိုင်ငံ၏ အင်အားကြီးမားသော နိုင်ငံတော်ပိုင် ရင်းနှီးမြှုပ်နှံမှု ဘဏ်တစ်ခု ဖြစ်သည့် CITIC Group အုပ်စုက မြန်မာနိုင်ငံ၊ စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ယခုဇုန်ကို တည် ဆောက်ရန် သဘောတူစာချုပ် ချုပ်ဆိုထားကြပါသည်။ ၎င်းတို့က ကျောက်ဖြူအစီအစဉ်နှင့် ပတ်သက်၍ ဝါဒဖြန့်ကြော်ငြာရန် ဗီဒီယိုခွေတစ်ခုကိုလည်း ထုတ်ဝေခဲ့ကြသည်။

မည်သူ့အတွက် အထူးစီးပွားရေးဇုန်နည်း။

မြန်မာနိုင်ငံ အထူးစီးပွားရေးဇုန် ဥပဒေကို ၂၀၁၁ ခုနှစ်တွင် ပြဌာန်းခဲ့ပြီး၊ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု များ ပိုမိုလာ ရောက်ရန် ဆွဲဆောင်လိုခြင်း ဖြစ်သည်။ ၎င်းဇုန်များအတွင်း ရင်းနှီးမြှုပ်နှံကြသည့် ကုမ္ပဏီ များအတွက် အထူးမက်လုံးများ နှင့် အခွန်ကင်းလွတ်ခွင့်များလည်း ပေးထားပါသေးသည်။ ၎င်းဥပဒေအရ "ကျွမ်းကျင်မှုနှင့်မဆိုင်သည့်အလုပ်များ"အားလုံးတွင်မြန်မာနိုင်ငံသားများကိုငှားရမ်းဖြည့်ဆည်းရမည်ဟု ပြဌာန်းထားသည့်အပြင်၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဆယ်နှစ်အတွင်း ဒေသခံများမှ ကျွမ်းကျင်အဆင့် လုပ်သား ၂၅% အထိ စီမံကိန်းတွင် ထည့်သွင်းငှားရမ်းရန် ပြဌာန်း တောင်းဆိုထားသည်။ သို့သော်လည်း "ဒေသခံ" ဟု ဆိုရာ၌ မြန်မာနိုင်ငံသားများကို လွှမ်းခြုံ၍ ဆိုလိုသောကြောင့်၊ ဒေသခံ ရပ်ရွာလူထုအနေဖြင့် အလုပ်အကိုင်များကြောင့် အကျိုးရှိစေမည်ဟု အာမခံချက် မရှိပါခြေ။ ကျွမ်းကျင်လုပ်သား နှင့် လစာများ သည့် အလုပ်အကိုင်များမှာလည်း စိတ်ကူးယဉ်မျှသာ ရှိခြေတော့မည်။

မြေအရောင်းအဝယ် လုပ်ငန်းများနှင့် မြေသိမ်းယူမှုကြောင့် ဒေသခံများကို မောင်းနှင်ထုတ်သည့် သဗ္ဗယ် ဖြစ်နေခြင်း

အထူးစီးပွားရေးဇုန် တည်ထောင်မည့် နေရာအနီးတွင် အကျင့်ပျက်ခြစားနေသည့် အာဏာပိုင်များနှင့် စီးပွားရေးသမားများက လူနေအိမ်ယာများ ဆောက်လုပ်ရန် အပြိုင်အဆိုင်မြေဝယ်နေကြရာ၊ မြေဈေးမှာ မိုးထိုးတက်နေပါတော့သည်။ ဒေသခံများအဖို့အနားမကပ်နိုင်ဘဲ သူတို့မြေများမှပြောင်းရွှေ့ကြရတော့မည့် အခြေအနေ ရှိနေရာ၊ "ဈေးကွက်ကြောင့်ဖြစ်သည့် အဓမ္မနေရာ ပြောင်းရွှေ့ရစေမှု" ဖြစ်ပေါ်လာပါသည်။ ကျောက်ဖြူအထူး စီးပွားရေးဇုန်နှင့် ပတ်သက်၍ မြေဈေးကစားမှုများ၊ ဝယ်ယူနေမှုများသည် ကျောက်ဖြူ ကမ်းခြေတလျှောက်နှင့် မြန်မာနိုင်ငံ တောင်ပိုင်းဒေသရှိ ထားဝယ်စက်မှုဇုန်တွင်လည်း အလားတူ ဖြစ်ပေါ် နေပါသည်။ တစ်ချိန်တည်းမှာပင် စစ်တပ်အာဏာပိုင်များကလည်း ဇုန်နယ်မြေအတွင်း ပြောင်ကျကျ မြေလုယူသိမ်းပိုက်မှုများ ဖြစ်ပေါ်နေပါသည်။



- ရေနံဓာတုဇုန် (ရေနံတင်သင်္ဘော ဆိပ်ခံတံတား ၃၉ ခုနှင့် ရေနံသိုလှောင်ရုံများ၊ NLG ဓာတ်ငွေ့အသုံးချစက်ရုံများ)
- ဝန်ဆောင်မှုဇုန် (အစိုးရနှင့် ကော်ပိုရေးရှင်းရုံးများ၊ လူနေအိမ်ယာများ)
- စက်မှုဇုန် (သံမဏိစက်ရုံနှင့် သံသတ္တုရည်ကြို လုပ်ငန်းများ)
- သယ်ယူပို့ဆောင်ရေးဇုန် (သင်္ဘောဆိပ်ခံများ၊ ရထားလမ်းများ၊ လေဆိပ်များ)
- ပြည်ပပို့ကုန် ပစ္စည်းများ ထုတ်လုပ်ရေးဇုန် (ဥပမာ- ကျောက်မြက်ပစ္စည်းများ၊ သစ်ထွက်ပစ္စည်း၊ စိုက်ပျိုးရေး လုပ်ငန်းထွက် ပစ္စည်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ထွက်ပစ္စည်းများ)
- သင်္ဘောဝန်ဆောင်မှုဇုန် (သင်္ဘောလွှန်းတင်ကျင်း နှင့် ဖျက်ဆီးရန် နေရာများ)

စွမ်းအင်လောင်စာအတွက် စကြံ်နယ်

နိုင်ငံ၏ တန်ဖိုးများ ကီလိုမီတာ ၇၉၃ ကျော် ဖြတ်သန်းသွားမည့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းနှင့် ရေနံပိုက်လိုင်း ပူးတွဲထားသည် ပိုက်လိုင်းစင်္ကြံန်တလျောက်တွင် နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် မြန်မာစစ်တပ်များ ရှိသလို၊ အစိုးရကို လက်နက်စွဲကိုင် ပုန်ကန်နေကြသေးသည့် တိုင်းရင်းသား တော်လှန်ရေးတပ်များလည်း ရှိနေပါသည်။ ပိုက်လိုင်းဖြတ်သန်းမည့်နေရာတလျောက်တွင် လက်ရှိကာလ၌ မြန်မာအစိုးရ၏ စစ်တပ် တပ်ရင်း ၃၃ ခု အခြေချထားပါသည်။ ပိုက်လိုင်းလုံခြုံရေးအတွက် နောက်ထပ် စစ်တပ်များ တိုးချဲ့ချထားဖွယ် ရှိပါသည်။ အထူးသဖြင့် ဓာတ်ငွေ့တွန်းတင်ရာ စက်ရုံရှိရာနေရာများနှင့် အခြား လုပ်ငန်းများ တည်ရှိရာ ဌာနများတွင် ဖြစ်သည်။ ဤသို့ စစ်တပ်များတိုးချဲ့ချထားမှုကြောင့် ပိုက်လိုင်း အနီးတဝိုက်ရှိ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများနှင့် ပဋိပက္ခကို မီးမွှေးပြင်းထန်စေနိုင် သကဲ့သို့၊ ဒေသခံ ပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများလည်း တိုး၍ ဖြစ်ပေါ်လာစေနိုင်ပါသည်။

ရင်းနှီးမြှုပ်နှံမှုများအတွက် လုံခြုံရေးကြောင့် နောက်ထပ်ပဋိပက္ခများ တိုးလာနိုင်ခြင်း

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအပေါ် လုံခြုံရေးပေးနိုင်ရန်အတွက် တိုင်းရင်းသားဒေသများတွင် စစ်တပ်များ တိုးချဲ့ချထားမှုကြောင့် လက်ရှိပဋိပက္ခကို ပိုမိုပြင်းထန်စေကာ၊ လူအများ မကြိုက်နှစ်သက်သည့် ယခုစီမံကိန်းများကြောင့် နောက်ထပ် လူထုမကျေနပ်မှုများကိုလည်း တိုး၍ ဖြစ်ပေါ်လာစေသည်။ ဥပမာအားဖြင့် ရေဝတီမြစ်ဆုံဆည် တည်ဆောက်မည့်နေရာတွင် တရုတ်နည်းပညာကျွမ်းကျင်သူများကို လုံခြုံရေးယူပေးရန် စစ်တပ်များ ထားရှိမှုကြောင့်နှင့် မူလကတည်းကတည်ရှိနေသည့် ကချင်လူထုများ၏ မကျေနပ်မှုများနှင့် နက်နက်ရှိုင်းရှိုင်း ပေါင်းစပ်မိစေသည်။ ဤသို့ဖြင့် ကေအိုင်အိုအဖွဲ့က တရုတ်အစိုးရထံသို့ ၂၀၁၁ ခုနှစ်၊ မတ်လတွင် ဆည်တည်ဆောက်ရေးကို ဆက်လက်လုပ်ဆောင်ပါက ပြည်တွင်းစစ် ပြန်လည် ဖြစ်ပွားလာနိုင်ကြောင်း သတိပေး ပြောဆိုခဲ့သည်။ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ကလည်း သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ရွာသစ်ရွာ ရေကာတာစီမံကိန်းတိုင်းတာရန် သွားကြသည့် တရုတ်ပညာရှင်များ၏ ယာဉ်တန်းကို တိုက်ခိုက်ခဲ့ကြသည်။

မြန်မာစစ်တပ်များ တိုးချဲ့ချထားလာခြင်းသည်သာ လက်နက်ကိုင်စစ်ပွဲများ စတင်ဖြစ်ပေါ်စေမည့် အကြောင်းတစ်ခု မဟုတ်ပေ။ ၎င်း၏အကျိုးစီးပွားများကို ကာကွယ်နိုင်ရန် မြန်မာပြည်တွင်းတွင် တရုတ်ရေတပ်နှင့် စစ်တပ်များ တိုးချဲ့လာမည့် အရေးကြောင့် နောက်ထပ်တင်းမာမှုများ ပေါ်ပေါက်လာနိုင်သည်။ ယခုအချိန်အထိ တရုတ်အစိုးရက ဘင်္ဂလားပင်လယ်အော်ရှိ ဆိပ်ကမ်းများတွင် ပင်လယ်ဓားပြရန် ကာကွယ်ရေးအတွက် ကင်းလှည့်နေကြသည့် ၎င်းတို့၏ ရေတပ်သင်္ဘောများ ပုံမှန်ဆိုက်ကပ်ရပ်နားနိုင်ရေး တောင်းဆိုထားပြီး၊ ဤအချက်ကြောင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် တို့အတွက် သောကပွားစရာ ဖြစ်လာစေသည်။ ရင်းနှီးမြှုပ်နှံမှုများ လုံခြုံရေးအတွက် နိုင်ငံရပ်ခြားမြေပေါ်တွင် တရုတ် စစ်တပ်ကို အသုံးပြုရေးကိစ္စသည် တရုတ်နိုင်ငံ မဟာဗျူဟာချမှတ်သူများအကြားတွင် ဆွေးနွေးနေကြသည့် ကိစ္စတစ်ခုဖြစ်ပြီး၊ ဤသို့သုံးလျှင် အခြားဆိုးကျိုး နောက်ဆက်တွဲများလည်း ဖြစ်ပေါ်လာနိုင်သည်။ ဥပမာအားဖြင့်-အီရတ်နိုင်ငံ၊ ဝါစစ် ဒေသတွင် ၂၀၀၉ ခုနှစ်၊ CNPC ကုမ္ပဏီ၏ ရေနံစီမံကိန်း ဖွင့်ပွဲ အခမ်းအနား၌ တရုတ်စစ်သားများပါ အတူတကွ တက် ရောက်ခဲ့ကြဖူးသည်။

စစ်တပ်များ တိုးချဲ့ချထားခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ များပြားလာစေခြင်း

စစ်တပ်များ တိုးချဲ့ချထားခြင်းနှင့်အတူ မြန်မာနိုင်ငံရှိ ဒေသခံလူထုများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများ များပြားလာကြောင်း တိုက်ရိုက်ဆက်စပ်နေသည်ဟု မှတ်တမ်းများက အခိုင်အမာပြဆိုခဲ့ကြပြီး ဖြစ်သည်။ ဤသို့သောဖြစ်ရပ်များတွင် မြေသိမ်းပိုက်ခြင်း၊ အဓမ္မ ပြောင်းရွှေ့စေခြင်း၊ အတင်းအကျပ် အလုပ်ခိုင်းစေခြင်း၊ နှိပ်စက်ညှဉ်းပမ်းခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပါဝင်သည်။[၂] တော်လှန်ရေးတပ်များကို ထောက်ခံနေသည်ဟု သံသယဖြစ်ခံရသည့် ကျေးရွာများတွင် မြန်မာစစ်တပ်က လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ မီးတင်ရှို့ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ မြန်မာစစ်တပ်က လက်ရှိတွင် အရပ်သားပြည်သူများကို ရှမ်းပြည်မြောက်ပိုင်း၊ ယခုပိုက်လိုင်းတည်ဆောက်မည့် နေရာအနီးရှိ တိုက်ပွဲဖြစ်ပွား နေရာ ဒေသများတွင် ပေါ်တာအထမ်းသမားအဖြစ် အတင်းအကျပ် အသုံးချနေသည်ကို တွေ့ရှိရပြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တိုက်ပွဲများနှင့် ဆက်စပ်ပြီး စစ်သားများက အမျိုးသမီးများအပေါ် မုဒိမ်းမှုများ ကျူးလွန်သည်ဟု အစီရင်ခံစာများလည်း ပေါ်ထွက်လာခဲ့သည်။ အလားတူပင် ရခိုင်ပြည်နယ်ရှိ စီမံကိန်းများ၊ အခြားဆက်စပ် အဆောက်အဦများကို လုံခြုံရေးယူပေးနေသည့် မြန်မာစစ်တပ်နှင့် ရေတပ်တည်ရှိရာ နေရာများတွင်လည်း ဤသို့ ချိုးဖောက်မှုများ ဖြစ်ပေါ်နေ လျှက်ရှိသည်။ (နောက်ပိုင်းစာမျက်နှာကို ကြည့်ပါ)

ကျောက်ဖြူပင်လယ်ကမ်းခြေ တစ်လျှောက်
တပ်စွဲထားသော ရေတပ်သင်္ဘောများ

၆,၆၀၀ ပိုက်လိုင်း တည်ဆောက်မည့် နေရာတလျှောက်တွင် လုံခြုံရေးချထားသည့် မြန်မာစစ်သား အရေအတွက် (ခန့်မှန်းခြေ တပ်ရင်းတစ်ရင်းလျှင် စစ်သား ၂၀၀ ဖြင့် တွက်ထားသည်။)

၁၃,၀၀၀ ပိုက်လိုင်း တည်ဆောက်မည့် နေရာတလျှောက် အစိုးရကို ဆန့်ကျင်နေသည့် လက်နက်ကိုင် တပ်ဖွဲ့များတွင် ရှိနေသည့် စစ်သားအရေအတွက် (ကချင်လွတ်လပ်ရေး တပ်မတော်၊ ရှမ်းပြည် တပ်မတော်-မြောက်ပိုင်း)

နောက်ခံအကြောင်း

၂၀၁၀ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲမတိုင်မီတွင် စစ်အစိုးရက အပစ်အခတ်ရပ်စဲထားသည့် လက်နက်ကိုင်တပ်ဖွဲ့များကို မြန်မာစစ်တပ်၏ လက်အောက်ခံ နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းစေရန် ဖိအားပေးခဲ့ပါသည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အများက ဤတောင်းဆိုချက်ကို ဆန့်ကျင်ခဲ့ကြပြီး၊ တင်းမာလာခဲ့သည်။ ဒေသအများတွင် လက်နက်ကိုင်တိုက်ပွဲများ ပြန်လည် ဖြစ်ပေါ်လာစေခဲ့သည်။

၂၀၁၁ ခုနှစ်၊ မတ်လတွင် အစိုးရတပ်ဖွဲ့များက ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) (SSA-North) တပ်ဖွဲ့များအပေါ် ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ပြီး၊ ၂၂-နှစ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်လည်း ပျက်ပြယ်ခဲ့ရသည်။ ကျေးရွာလူထု ၃,၀၀၀ ကျော်လည်း နေရပ်အိုးအိမ်ကို စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) ထိန်းချုပ်ရာနယ်မြေများသည် ပိုက်လိုင်းစကြံန်ဖြတ်သန်းသွားသည့် နယ်မြေတစ်ဖက် တစ်ချက်စီတွင် ရှိနေပြီး၊ အဖွဲ့အတွင်း ပဋိပက္ခများကြောင့် အထိနာနေရသည်။ စစ်အစိုးရက ၂၀၀၉ ခုနှစ်၊ ဩဂုတ်လတွင် အရှေ့မြောက်ဒေသရှိ ကိုးကန့်ဒေသကို တိုက်ခိုက်၍ အလွယ်တကူ သိမ်းပိုက်ယူခဲ့သလို၊ ဤဒေသကို အလျှင်အမြန် ထိန်းချုပ်လိုက်နိုင်မည့် အနေအထားရှိနေသည်။ ဤသို့ ကိုးကန့်ဒေသ တိုက်ခိုက်မှုများကြောင့် ဒုက္ခသည်ပေါင်း ၃၀,၀၀၀ ကျော်သည်လည်း တရုတ်နိုင်ငံတွင်းသို့ ထွက်ပြေးခိုလှုံခဲ့ကြရသည်။

၂၀၁၁ ခုနှစ်၊ ဇွန်လတွင် တရုတ်နယ်စပ်အနီး ကချင်ပြည်နယ်တွင်၊ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် မြန်မာစစ်တပ်အကြား တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာခဲ့သည်။ (KIA) နှင့် ဖြစ်ပွားနေသည့် တိုက်ပွဲများသည် မြောက်ပိုင်းရှမ်း ပြည်နယ်အထိ ပျံ့နှံ့လာကာ ပိုက်လိုင်းဖြတ်သန်းသွားရာ နမ့်ခမ်းနှင့် နမ္မတူမြို့နယ်များတိုင် ရောက်ရှိလာခဲ့သည်။

၂၀၁၁ ခုနှစ်၊ ဇူလိုင်လတွင် ရှမ်းပြည်နယ် ကျောက်မဲမြို့အနီး စစ်ဆေးရေး ဂိတ်တွင် ဗုံးတစ်လုံးပေါက်ကွဲခဲ့သည်။ တရုတ်နိုင်ငံမှ တင်ပို့သည့် ပိုက်လိုင်း များသည် တည်ဆောက်ရာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ သို့ရောက်ရန် ကျောက်မဲကို ဖြတ်သန်း သယ်ဆောင် ကြရမည် ဖြစ်သည်။

စစ်ပွဲများ ဖြစ်ပွားနေရာ ဒေသများအတွင်း ရင်းနှီးမြှုပ်နှံသူများအတွက်လည်း ရင်မအေးဖွယ် အန္တရာယ်ရှိခြင်း

အမှန်တကယ် အတိုက်အခံ အင်အားစုများ၊ တိုင်းရင်းသား အင်အားစုများနှင့် နိုင်ငံရေးပြဿနာများကို စစ်အစိုးရက မဖြေရှင်းနိုင်သည့် အတွက်ကြောင့် မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ကိုင်ရန် မတည်ငြိမ်သည့် ဝန်းကျင်အဖြစ် ဆက်လက်တည်ရှိ နေဆဲ ဖြစ်သည်။ မကြာသေးမီက တိုက်ပွဲများက ပြသခဲ့သလိုပင် လက်နက်ကိုင်တိုက်ပွဲများလည်း အချိန်မရွေး ဖြစ်ပေါ်လာ နိုင်ခြေလည်း ရှိနေသေးသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက်လည်း ရင်မအေးဖွယ် အန္တရာယ်ရှိနေပေသေးသည်။ စီမံကိန်းများ နှောင့်နှေးမှု ရှိနေနိုင်သကဲ့သို့၊ ဤသို့ ပဋိပက္ခများကြောင့် စီမံကိန်းများ ယာယီသော်လည်းကောင်း၊ အမြဲတမ်း သော်လည်းကောင်း ရပ်ဆိုင်းသွားနိုင်သည့် အခြေအနေလည်း ရှိနေသေးသည်။ စီမံကိန်းအတွင်း တာဝန်ယူနေကြသည့် ဝန်ထမ်းများအတွက် လုံခြုံရေးလည်း စိုးရိမ်ဖွယ်ပင် ဖြစ်သည်။ ဇွန်လအစောပိုင်းတွင် မြန်မာစစ်တပ်နှင့် ကချင်လွတ်လပ်ရေး တပ်မတော် (KIA) အကြား တိုက်ပွဲများ ပြန်လည် ဖြစ်ပွားလာသောကြောင့် တပိန်ဆည် တည်ဆောက်သည့် နေရာတွင် တရုတ်အင်ဂျင်နီယာ ၃၀ ကျော်၊ သုံးရက်ကြာ ပိတ်မိနေခဲ့ပါသည်။ တရုတ်လုပ်သားရာများစွာသည်လည်း လုပ်ငန်းခွင်ကို စွန့်ခွာခဲ့ရပါသည်။ ထို့အပြင် ဝန်ထမ်းများကို ပြန်ပေးဆွဲခံရခြင်းများလည်း ကြုံရနိုင်ပါသည်။ ၂၀၁၁ ခုနှစ်၊ မေလအစောပိုင်း၌ သံလွင်မြစ်ပေါ်တွင် ရှမ်းပြည်နယ်အတွင်းရှိ တာဆန်းဆည် တည်ဆောက်ရေး လုပ်ငန်းရှိ တရုတ်အင်ဂျင်နီယာ ၄ ဦး ပျောက်ဆုံးနေခဲ့ပါသည်။ ဤသို့ပြဿနာများကြောင့် ပဋိပက္ခဒေသအတွင်း လုပ်ကိုင်နေကြရသည့် ဝန်ထမ်းများ ကြုံတွေ့ရ နိုင်သည့် အန္တရာယ်ကို ဖော်ပြနေပါသည်။ ဤသို့ လူပုဂ္ဂိုလ်လုံခြုံရေးအပြင် စီမံကိန်း ပစ္စည်းများ၊ အခြေခံ အဆောက်အဦများလည်း အန္တရာယ်ရှိနေပါသည်။ ၂၀၁၀ ခုနှစ်၊ ဧပြီလတွင် ဧရာဝတီမြစ်ဆုံဆည် တည်ဆောက်မည့်နေရာ၌ ဗုံးအများ အပြားပေါက်ကွဲခဲ့ပြီး၊ ကုမ္ပဏီ၏ ဆက်သွယ်ရေး ရုံးအဆောက်အဦနှင့် ထရပ်ကားအချို့ပျက်စီးခဲ့ရပါသည်။

"ကျနော်နဲ့ မိတ်ဆွေ ၃ ဦးကို စောဒကတက်လို့ဆိုပြီး အလုပ်ထုတ်လိုက်တယ်။ ကျနော်တို့ကိုပြဿနာရှာတဲ့ကောင်တွေဆိုပြီး၊ ရွေးထုတ်ပြီး ကျနော်တို့ - ဓာတ်ပုံတွေကိုလည်း ကြော်ငြာသင်ပုန်းမှာ ကပ်ထားသေးတယ်။ ကျနော်တို့ကို အရှက်ရအောင်ပေါ့။" (ဒေဝူးအင်တာနေရှင်နယ်၏ လက်ခွဲ ကုမ္ပဏီတစ်ခုဖြစ်သည့် PSC ကုမ္ပဏီက အလုပ်ထုတ်ခံရ သည့် ယခင်လုပ်သားဟောင်း တစ်ဦး)

လူ့အခွင့်အရေး ချိုးဖောက်မှု စတင်ဖြစ်ပေါ်လာခြင်း

စစ်တပ်များ တိုးချဲ့ချထားမှုကြောင့် ဒေသခံပြည်သူများအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ တိုး၍ ကြုံတွေ့ ကြရပါသည်။ ယခုစီမံကိန်းများနှင့် ဆက်စပ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများမှာ စီမံကိန်းအရှိန်ရလာသည်နှင့်အမျှ တိုး၍ တိုး၍ ကြုံတွေ့ခံစားကြရပါသည်။ ၎င်းလူ့အခွင့်အရေးချိုးဖောက်မှုများတွင် အဓမ္မလုပ်အား ခိုင်းစေခြင်း၊ အတင်းအကျပ် နှင်ထုတ်ခြင်း၊ မြေယာ သိမ်းပိုက်ခြင်း၊ အတင်းအကျပ် ငွေတောင်းခံခြင်း၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ချိုးနှိမ်ဖိနှိပ် ခံရခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးခြင်းများနှင့် ထောင်ချမှုများ၊ ရုပ်ပိုင်းဆိုင်ရာ ကျူးကျော်ဖိနှိပ်မှုများကို အပါအဝင် ဖြစ်ပါသည်။

အတင်းအဓမ္မ ခိုင်းစေမှု

ရခိုင်ပြည်နယ်တွင် အဓမ္မလုပ်အား ခိုင်းစေမှုများကို ကြုံတွေ့ရရာ၌ စီမံကိန်းနှင့် ဆက်နွယ်နေသည့် လမ်းဖောက်လုပ်မှုများနှင့် မကွေးတိုင်းတွင် ပိုက်လိုင်းအတွက် အခြေခံ အဆောက်အဦ တည်ဆောက်ရေး လုပ်ငန်းများတွင် ခိုင်းစေသည်ကို ကြုံတွေ့ရပါသည်။ ၂၀၁၀ ခုနှစ်၊ နှောင်းပိုင်းတွင် မဒေးကျွန်းမှ ရဲများက အမြဲတမ်းရဲစခန်းတစ်ခု ဆောက်လုပ်ရန်အတွက် ဒေသခံပြည်သူများထံမှ ငွေကြေးစတင်ကောက်ခံမှုများ ကြုံတွေ့ရပါသည်။ လူထုများက ရဲဌာနသို့ငွေကြေးမပေးနိုင်သည့်အခါ၊ ရဲစခန်းတည်ဆောက်ရေးတွင် လုပ်အားထည့်ဝင်ပေးစေရန် အတင်းအကျပ် ခိုင်းစေခံကြရပါသည်။

မြေယာ သိမ်းပိုက်ခြင်းနှင့် အတင်းအကျပ်နှင်ထုတ်ခြင်း

မြေယာသိမ်းပိုက်ခြင်းနှင့် အတင်းအကျပ်နှင်ထုတ်ခြင်းများကို ဒေသခံ အစိုးရအာဏာပိုင်များ၊ ကုမ္ပဏီကိုယ်စားလှယ်များ၊ ရဲများက ဆောင်ရွက်နေကြပါသည်။ ရခိုင်ပြည်နယ်တွင် မဒေးကျွန်းနှင့် ရမ်းဗြဲကျွန်းတွင် နေထိုင်ကြသူများမှာ အထူးဆိုးရွားစွာ နစ်နာခံစားကြရပါသည်။ ၂၀၁၁ ခုနှစ်၊ မတ်လမှစ၍ ဒေသခံအာဏာပိုင်များက ရှမ်းပြည်နယ် မိုင်းဝီးမြို့တွင် မြေများကို တိုင်းတာသတ်မှတ်နေသောကြောင့်၊ ဒေသခံများမှာ မိမိတို့မြေများကို သိမ်းပိုက်တော့မည်လောဟု စိုးရိမ်စိတ် ပွားနေကြရပါသည်။ ရှမ်းပြည်နယ်၏ အခြားသော ကျေးရွာများတွင် ဒေသခံများထံမှ မြေများကို သိမ်းပိုက်၍ စီမံကိန်းနှင့် သက်ဆိုင်သည့် လမ်းများ၊ စစ်စခန်းများ ဆောက်လုပ်ခဲ့ကြပါသည်။

မြန်မာနိုင်ငံ အလယ်ပိုင်း ဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းသွားမည့် နေရာတလျှောက်တွင်လည်း အစပျိုးရှင်းလင်းခြင်းနှင့် တည်ဆောက်ရေး လုပ်ငန်းများအတွက် မြေသိမ်းယူမှုများ ဖြစ်ပေါ်နေကြောင်း အစီရင်ခံစာများ ရရှိခဲ့ပါသည်။ မကွေးတိုင်းတွင် ဒေသခံများ၏ မြေပေါ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ စတင်နေကြပြီ ဖြစ်သော်လည်း၊ လူထုများမှာ လျော်ကြေး ငွေလုံးဝမရရှိခြင်း၊ မဖြစ်စလောက်သာ ရရှိခြင်းများ ကြုံတွေ့ခံစားနေရပါသည်။[၃]

ရိုက်နှက်ညှင်းပမ်းခြင်းနှင့် သတ်ဖြတ်မှုများ

၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလတွင် အသက် ၂၆-နှစ်အရွယ်ရှိ ကိုမောင်ဝင်း ဆိုသူသည် ကျောက်ဖြူမြို့နယ်၊ ဂျပန်မဆိပ်ကမ်း၌ ခြေမြန်တပ်ရင်း (ခမရ) ၅၄၂ မှ တပ်ကြပ်ကြီးတစ်ဦးက သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရသည်။ အကြောင်းမှာ စစ်သားများ တားသည့်အခါ သူ့လှေကို ချက်ချင်း ရပ်မပေးသည့်အတွက်ကြောင့် ဖြစ်ပါသည်။ စစ်သားများက မကြာခဏဆိုသလို ပင်လယ် ပြင်ထွက်၍ ငါးဖမ်းလှေများထံမှ အတင်းအကျပ် ငွေတောင်းခံခြင်း ပြုတတ်ကြပါသည်။ ၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် မဒေးကျွန်း၊ ကျောက်မော်ကြီးရှိ မြေသိမ်းခံရ၍ တိုင်ကြားစာဒကတက်သူ တစ်ဦးကို ဒေသခံတပ်၏ ရဲ (ဒေသအခေါ်-ဗိုလ်လေး) အမိန့်ဖြင့် ပြင်းထန်စွာ ရိုက်နှက် ဒဏ်ရာ ရရှိစေခဲ့ပါသည်။

အလုပ်သမားများကို ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် ခြိမ်းခြောက်မှုများ

စီမံကိန်းလုပ်ငန်းခွင်ရှိ အလုပ်သမားများမှာ အချိန်ပိုလုပ်ခလစာ မရရှိဘဲ အတင်းအကျပ်ခိုင်းစေခံနေကြရပြီး၊ သူတို့၏ လုပ်ငန်းခွင် အခြေအနေနှင့် ပတ်သက်၍လည်း တိုင်ကြားမှုများ မပြုကြရန် ခြိမ်းခြောက်မှုများ ရှိနေပါသည်။ ၂၀၁၀ ခုနှစ် စက်တင်ဘာလတွင် ဒေဝူးအင်တာနေရှင်နယ် ကုမ္ပဏီ၏ လက်ခွဲကုမ္ပဏီတစ်ခုမှ ငှားရမ်းထားသည့် ကျောက်ဖြူမှ အလုပ်သမား ၁၂ ဦးကို အလုပ်ထုတ်ပစ်ခဲ့ပါသည်။ အကြောင်းမှာ သူတို့ရရှိရမည့် လုပ်ခများ မရသည့်အပေါ် လူသိရှင်ကြားတိုင်ကြား ပြောဆိုခဲ့သောကြောင့် ဖြစ်သည်။ အလုပ်သမားများက ပထမဦးဆုံး ကုမ္ပဏီသို့ ချဉ်းကပ်တောင်းဆိုခဲ့ကြသော်လည်း အရာရှိမည်သူတစ်ဦးမျှ မတွေ့နိုင်ခဲ့ပါ။ ထို့နောက် အလုပ်သမားရေးရာဌာနသို့ သွားကြသော်လည်း မည်သူကမျှ တာဝန်ယူ ဆောင်ရွက်ပေးခြင်း မရှိပါ။ ထို့နောက် အလုပ်သမားများ ကြုံတွေ့ရသည်မှာ ကုမ္ပဏီကိုယ်စားလှယ်များက သူတို့အိမ်များကို ချိုးဖျက်ဝင်ရောက်ခြင်းနှင့် ကျေးရွာကြေငြာသင်ပုန်းတွင် သူတို့အမည်များ ကပ်ထားပြီး အရှက်ခွဲသည်နှင့် ကြုံရပါသည်။ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျောက်ဖြူ၌ လုပ်သား ၃၀ ဦးက သူတို့ ရရှိရန်ရှိသည့် လုပ်အားခများ တောင်းဆို တိုင်တန်းကြပြီးနောက် နာမည်ပျက်စရင်းသွင်းခဲ့ပါသည်။ ၎င်းအလုပ်သမားများမှာ တစ်နေ့လျှင် ၅,၀၀၀ ကျပ် ရရှိမည်ဟု ကတိပေးခဲ့သော်လည်း လက်တွေ့တွင် ၂,၅၀၀ ကျပ်သာ ရရှိပါသည်။ အချိန်ပို လုပ်ခလစာလည်း ပေးခြင်း မရှိပေ။ ယနေ့ကာလတွင် ကုန်းတွင်း ဓာတ်ငွေ့တွန်းတင်စက်ရုံနေရာ၌ အလုပ်သမား ၆၀ ဦးအထိ အလုပ်ဖြုတ်ခံခဲ့ရပြီး ဖြစ်သည်။

ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်တွင် မြေသိမ်းပိုက်မှု (ဖြစ်ရပ်လေ့လာချက်)

၂၀၁၀ ခုနှစ်၊ မေလတွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်ရှိ လယ်သမား ၁၃-ဦးကို မြို့နယ်တရားရုံးသို့ ဆင့်ခေါ်ပြီး သူတို့၏ မိသားစုများ ရှင်သန်ရာအတွက် မှီခိုအားထားရာဖြစ်သော လယ်မြေကွက်များ လွှဲပြောင်းပေးအပ်ကြောင်း အတင်းအကျပ် လက်မှတ်ရေးထိုးစေခဲ့သည်။ ၎င်းလယ်ကွက်များမှနေ၍ စပါးနှင့် အခြားသောရာသီ သီးနှံများစိုက်ပျိုးခြင်းဖြင့်သူတို့ မိသားစုများအတွက် ဝင်ငွေ တစ်နှစ်၊ တစ်ဧကလျှင် ၅ သိန်း- ၆ သိန်းကျပ် ရရှိနေခဲ့သည်။ ၎င်းမြေကွက်များကို စစ်တပ်ပိုင်မြေအဖြစ် သတ်မှတ်ကြေညာမှုများ ပြုခဲ့ပြီး၊ ပိုက်လိုင်းတည်ဆောက်မည့် နေရာဝန်းကျင် တဝိုက်ရှိ မြေများလည်း ဖြစ်သည်။ လယ်သမားများထံမှ အလုအယက် ယခုကဲ့သို့ သိမ်းယူမှုအပေါ် နားမလည်နိုင်ကြသည့်အပြင်၊ ငြင်းဆန်ရန်လည်း မဖြစ်နိုင်ကြပေ။

"ကျနော်တို့မှာ မြေဆုံးရှုံးမှာ အရမ်းစိုးရိမ်ပါတယ်။ စားလည်းမဝင်၊ အိပ်လည်းမပျော် ဖြစ်နေရတယ်။ ကျနော်တို့ ရွာလူကြီးတောင် မကူနိုင်ဘူး။ သူတို့ပြောတာက ကျနော်တို့မရောင်းဘူးဆိုလည်း ဒီမြေကို တစ်နည်းမဟုတ် တစ်နည်းနဲ့ သိမ်းခံရမှာပဲတဲ့။ ဘာဖြစ်လို့လည်းဆိုတော့ တိုင်းပြည်မှာရှိတဲ့ မြေအားလုံးဟာ အစိုးရပိုင်ပစ္စည်း ဖြစ်လို့ပဲတဲ့။"
(ရှမ်းပြည်နယ် ပိုက်လိုင်းဖြတ်သန်းသွားရာ လမ်းကြောင်းအနီး နေထိုင်သူ လယ်သမားတစ်ဦး)

တရားရုံး၌ ၎င်းလယ်သမားများ၏ ဘေးတွင် မြေယာနှင့် စိုက်ပျိုးရေးဌာန အာဏာပိုင်များ၊ ရဲ့ရှေ့နေများ၊ ရဲအရာရှိများ၊ ဒေသ အာဏာပိုင်များနှင့် တရုတ်စီးပွားရေးသမားက ဝိုင်းရံနေခဲ့ကြသည်။ မြေသိမ်းယူသည့် ကြေညာချက်ကို မြန်မာဘာသာဖြင့် ဖတ်ပြပြီး၊ လယ်သမားများကို မတူကွဲပြားသည့် မြန်မာဘာသာဖြင့် သဘောတူညီချက် ၄-ခုပေါ်တွင် သူတို့၏ မြေကွက်များကို လွှဲပြောင်းပေးကြောင်း လက်မှတ်ရေးထိုးရန် ခိုင်းစေသည်။ အချို့က ယခုစာချုပ်ကို နားမလည်ကြောင်း ငြင်းဆိုကြသော်လည်း၊ လျော်ကြေး ရမည်-မရမည်နှင့် ပတ်သက်၍လည်း စိုးရိမ်ကြောင်း ဖော်ပြပြောဆိုကြသည်။ လယ်သမားတစ်ဦးက လက်မှတ်ရေးထိုးရန် ငြင်းဆန်ပြီးသည့် နောက်တွင် မြို့နယ်အာဏာပိုင်တစ်ဦးက မြေတစ်ဧကလျှင် ၄၀,၀၀၀ ကျပ်နှုန်းဖြင့် လျော်ကြေးပေးရန် ချက်ချင်းကမ်းလှမ်းခဲ့သည်။ အခြားသော လယ်သမားများမှာ နောက်ထပ်ငြင်းဆိုရန် အတွက်သော် လည်းကောင်း၊ နောက်ထပ်ရှင်းလင်းပေးရန် တောင်းဆိုရန်ပင် မဖြစ်နိုင်သလောက် ရှိသည်။ အစိုးရ အရာရှိများနှင့် ရဲများ ရှိနေသည့်အတွက်ကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာမည့် အကျိုးဆက်များအပေါ်တွင်လည်း သူတို့ ကြောက်လန့်စိုးရွံ့နေ ကြရသည်။

၎င်းဒေသအတွင်းရှိ အခြားသောလယ်သမားများမှာလည်း အနာဂတ်တွင် နောက်ထပ်မြေများ သိမ်းယူဦးမည်ကို စိုးရိမ်နေကြရပါသလို၊ အနည်းငယ်မျှသာ ပေးသည့် လျော်ကြေးအပေါ်တွင်လည်း အလွန်အမင်း မကျေမနပ် ဖြစ်နေကြပါသည်။ သူတို့ပိုင်ဆိုင်သည့် မြေပေါ်မှ နှစ်စဉ်ဝင်ငွေအတိုင်း ကာလတစ်ခုတိုင် လျော်ကြေးပေးပါရန် ကျေးရွာလူထုများက အဆိုပြုခဲ့ကြသည်။ သို့မှသာ သူတို့၏ဝင်ငွေကို ပြန်၍ထေမိစေမည် ဖြစ်သည်။ နောက်ထပ်သက်မွေးဝမ်းကျောင်းအသစ်သို့ ပြောင်းလဲလုပ်ကိုင်ရန်အတွက်လည်း အချိန်ယူပြင်ဆင်နိုင်မည် ဖြစ်သည်။ (တစ်နှစ်လျှင် ၅ သိန်းနှင့် ၆ သိန်းကျပ်နှင့် ၆ နှစ်တိုင် ပေးစေလိုကြသည်။ သို့ဆိုလျှင် စုစုပေါင်း ၃ သန်းမှနေ၍ ၃. ၆ သန်းခန့် လျော်ကြေးရမည် ဖြစ်သည်။) အကယ်၍သူတို့၏ မြေများကို အလုံအလောက်လျော်ကြေး မပေးဘဲ အတင်းအကျပ်ပေးစေရန် လက်မှတ်ထိုး၍ စွန့်လွှတ်ခိုင်းမည် ဆိုပါက၊ သူတို့၏ မိသားစုများကိုလည်း ဆက်လက်ထောက်ပံ့နိုင်ကြလိမ့်မည် မဟုတ်ပေ။

ခြေလျှင်တပ်ရင်း အမှတ် (၃၄) က မြေသိမ်းပိုက်မှု (ဖြစ်ရပ်လေ့လာချက်)

ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းကိစ္စ ကြေညာပြီးသည့်နောက်ပိုင်း မကြာမီမှာပင် ဂုံးချိန်ကျေးရွာတွင် နေထိုင်သူလူထုများကို အစည်းအဝေးခေါ်ယူ၍ စီမံကိန်းအတွက် သူတို့ပိုင်မြေများကို အသုံးပြုရန် လိုအပ်မည်ဖြစ်ကြောင်း အသိပေးခဲ့ပါသည်။ ၎င်းအစည်းအဝေးတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လွန်းသီ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဗိုလ်ချုပ်မြင့်ဆွေ အပါအဝင်၊ မြန်မာ၊ တရုတ်၊ ကိုရီးယန်း ကုမ္ပဏီကိုယ်စားပြု အဖွဲ့ဝင်များနှင့် အဆင့်မြင့်အရာရှိများ၊ မြို့နယ်အာဏာပိုင်များ၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ (USDP) ခေါင်းဆောင်များနှင့် လက်နက်ကိုင်စစ်သားများ တက်ရောက်ခဲ့ကြသည်။ ၎င်းအစည်းအဝေးတွင် အသိပေးလိုခြင်းမှာ သူတို့၏မြေကွက်များကို အာဏာပိုင်များက သိမ်းယူခြင်းဖြစ်ပြီး၊ စစ်အစိုးရကလည်း ကျောထောက်နောက်ခံပြုကြောင်း သိသာစေသည်။ ဤသို့ မြေသိမ်းပိုက်သည်ကို ဆန့်ကျင်ပါက၊ စစ်အစိုးရအပေါ် ဆန့်ကျင်ရာလည်း သက်ရောက်နေပေသည်။

သို့သော်လည်း ယနေ့ကာလတိုင် မြေသိမ်းယူမှု အများစုကို လက်တွေ့ဆောင်ရွက်နေသူများမှာ ဒေသခံအစိုးရ အရာရှိများနှင့် ကုမ္ပဏီကိုယ်စားလှယ်များဖြစ်ပြီး၊ အချို့သော ဖြစ်ရပ်များတွင် စစ်တပ်က တိုက်ရိုက်ပါဝင်ပတ်သက်မှုများလည်း ရှိနေခဲ့သည်။ ဥပမာအားဖြင့်- ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ဗိုလ်ဇော်မြင့်ထူးဦးဆောင်သည့် ခလရ (၃၄) မှ စစ်သားများက ဂုံးချိန်ကျေးရွာရှိ မိသားစု ၅-ခုထံမှ မြေများကို သိမ်းယူခဲ့သည်။ စစ်တပ်အတွက် စက်ပစ်ကွင်းဖောက်ရန် ဟုအကြောင်းပြခဲ့သည်။ သေနတ်စမ်းသပ်လေ့ကျင့်သည့် ပစ်ကွင်းအဖြစ် ၃-ရက်ကြာ အသုံးပြုပြီးနောက်၊ စစ်တပ် တပ်ရင်းက ဤမြေကွက်ကို ဒေပူးအင်တာနေရှင်နယ်ကုမ္ပဏီ၏ လက်ခွဲကုမ္ပဏီတစ်ခုဖြစ်သည့် မြန်မာ ရွှေသရဖူကုမ္ပဏီ (Myanmar Golden Crown) ထံ လက်လွှဲရောင်းချခဲ့သည်။ ၎င်းကုမ္ပဏီမှာ စီမံကိန်းဒေသတွင် လမ်းဖောက်လုပ်ရေးနှင့် ပိုက်လိုင်းတည်ဆောက်ရေး လုပ်ကိုင်နေသော ကုမ္ပဏီဖြစ်သည်။ မိသားစုများက အနောက်ပိုင်းတိုင်း စစ်တိုင်းမှူးထံသို့၊ ဒေသခံအစိုးရအာဏာပိုင်များနှင့် ကုမ္ပဏီထံသို့ စာရေးတိုင်ကြားကြသော်လည်း တစုံတရာ အရေးယူဆောင်ရွက်ပေးခြင်း မရှိပေ။

စစ်တပ်ကသိမ်းပြီး ရောင်းချလိုက်၍ ရွှေစီမံကိန်းကုမ္ပဏီမှ ကွန်ဂရစ်ခင်းထားသော ဒေသခံပိုင်လယ်မြေများ

ငင်းစာတွင် CNPC-Southeast Asia (တရုတ် အမျိုးသား ရေနံကော်ပိုရေးရှင်း - အရှေ့တောင် အာရှ) ၏ ကိုယ်စားလှယ်များက မဒေးကျွန်းနေ လူထုများထံမှ မြေသိမ်းပိုက်ရယူမှုများကို ဖော်ပြ ထားသည်။



"မြေအသုံးပြုခွင့် အခွင့်အရေး/ နှင့် (သို့မဟုတ်) သီးနှံများ လွှဲပြောင်းပေးခြင်း/ စွန့်လွှတ်ခြင်း ဆိုင်ရာ သဘောတူညီချက် စာချုပ်"

"သို့အတွက်ကြောင့် လွှဲပြောင်းပေးအပ်သူသည် စေတနာရှေ့ထား လျော်ကြေးလက်ခံရရှိသည့် အကြောင်းကို ထောက်ထား၍ သူ/သူမအနေဖြင့် သူ/သူမနှင့် သက်ဆိုင်သည့် အကျိုးစီးပွားများ၊ အခွင့်အရေးများ၊ ပိုင်ဆိုင်ခွင့်များ အချို့/အားလုံးကို စွန့်လွှတ်ပါကြောင်း ဤနေရာတွင် ကြေညာအပ်ပါသည်။ သို့မဟုတ် မြေကွက်နှင့်/ သို့မဟုတ် သက်ဆိုင်နေသည့် သီးနှံများလည်း အပါအဝင်ဖြစ်သည်။ ထို့အပြင် သူ/သူမအနေဖြင့် မြေကွက်ပိုင်ဆိုင်မှုကို အသိပေး အကြောင်းကြားစာ ရပြီးနောက် ၅-ရက် အတွင်း ကုမ္ပဏီသို့ ငြိမ်းချမ်းစွာ လွှဲပြောင်းပိုင်ဆိုင်ခွင့် ပြုပါမည့် အကြောင်း ထပ်လောင်းကြေညာ အပ်ပါသည်။"

စီမံကိန်းကြောင့် စားကျက်မြေများကို သိမ်းပိုက်ခဲ့သည်။

ဒေသရှိ လမ်းများလည်း စက်ယန္တယားများကြောင့် ပျက်စီးခဲ့ရပြီး ဖြတ်သန်း သွားလာ၍ မရလောက်အောင် ရှိနေသည်။

စီမံကိန်းမှ တူးထားသည့်မြောင်းများက စိုက်ခင်းများကို ဖြတ်သန်း သွားပြီး၊ လယ်ကွင်းများမှ သဘာဝအရ ရေသွင်း ရေထုတ် မလုပ်နိုင် ဖြစ်ခဲ့ရသည်။

"များသောအားဖြင့် ဒေသခံပြည်သူတွေက သူတို့ အလိမ်ခံနေမှန်း မသိကြဘူး။ ဒီမှာက လူတွေက ဆင်းရဲကြတော့ လျော်ကြေးငွေလေး နည်းနည်းပါးပါးပေးတာကိုပဲ ငွေအများကြီးလို့ လူအများက ထင်နေကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ ဘဝမှာလည်း အဲဒီလောက်များတဲ့ ငွေကို တစ်ခါမှ မတွေ့ဖူးကြဘူး။ ရှေ့မှာ ဘယ်လိုပြဿနာတွေဖြစ်လာနိုင်တယ်၊ ဘယ်လို အန္တရာယ်တွေ ဖြစ်လာနိုင်တယ်ဆိုကို စဉ်းစားဖို့ အဝေးသားပဲ။ သူတို့ထင်တာက ဒီလျော်ကြေးငွေလေးနဲ့ပဲ သူတို့ဘဝ အဆင်ပြေပြီ ထင်နေကြတယ်။ အချို့ဆို ငွေတောင် မရှိကြတော့ဘူး၊ ကုန်ပြီ။"
(ဂုံးချွန်ကျေးရွာအုပ်စုတွင် နေထိုင်သူ တစ်ဦး)

"ကျနော်တို့လယ်သမားဆိုတာ စိုက်ပျိုးရေးကိုပဲ အားထားရတာ။ ဒီနှစ် စိုက်ပျိုးလို့မရတော့ဘူးဆိုတော့ ဝင်ငွေတင် ဆုံးရှုံးရတာ မဟုတ်ဘူး၊ ရှေ့နှစ်အတွက် စိုက်စရာမျိုးစေ့ပါ မရှိတော့ဘူးဆိုတော့ နေ့တဓူဝ ရပ်တည်ဖို့လည်း အခက်အခဲဖြစ်၊ မိဘတွေကလည်း ကလေးတွေကို ကျောင်းမပို့နိုင် ဖြစ်ကြရတယ်။"
(စီမံချက်ဝင် ဒေသအတွင်းနေ လယ်သမား တစ်ဦး)

နောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးထံသို့ တိုင်ကြားစာပေးပို့ခြင်း



တဝက် လုပ်ခ

ရွှေသဘာဝဓာတ်ငွေ့စီမံချက်တွင် အလုပ်လုပ်သော အမျိုးသမီးများ၏ ဝင်ငွေသည် အမျိုးသားများရသည့် လုပ်အားခ၏ ထက်ဝက်မျှသာ ရကြသည်။

photo: tab

၉၀%

ချက်ပြုတ်စားသောက်ရန်အတွက် ထင်းရှာဖွေရန် လိုအပ်သည့် ရခိုင်မိသားစု ရာခိုင်နှုန်း။

အိုးအိမ်မဲ့မှုကြောင့် ခံစားရသော မတူညီသော ဆိုးကျိုးသက်ရောက်မှု

အမျိုးသမီးများသည် သီးနှံစိုက်ပျိုးခြင်းနှင့် ကလေးများအတွက် ကျွေးမွေးစောင့်ရှောက်ရန် တာဝန်ရှိသည်ဟု ယေဘုယျ နားလည်ထားကြသဖြင့် အိုးအိမ်မဲ့ ဖြစ်ရခြင်း၊ မြေယာဆုံးရှုံးခြင်းကြောင့် ဖြစ်လာရသည့် မလုံခြုံမှုများကို အမျိုးသမီးများက အမျိုးသားများထက် ပို၍ ခက်ခက်ခဲခဲ ရုန်းကန် ရင်ဆိုင်ကြရသည်။ တစ်ခါတရံတွင် သစ်တောကဲ့သို့သော လူအများ ဘုံပိုင်ဆိုင်သည့် သဘာဝ အရင်းအမြစ်များကို ရိက္ခာအစားအစာအတွက် မှီခိုရှင်သန်နေကြရသည်။ သို့သော် အတင်းအကျပ်သဘော ရွှေ့ပြောင်းခံရပြီးနောက် ၎င်းသစ်တောများထံသို့ သွားရောက်ရန် လက်လှမ်းမမှီကြတော့ပေ။ ကုမ္ပဏီနှင့် စစ်တပ်များက စီမံကိန်းဒေသ အတွင်းသို့ ဝင်ရောက် အခြေချလာကာ အချို့မိသားစုများကို လျော်ကြေးအဖြစ် ငွေသားသာ လျော်ပေးကြသည်။ ထိုငွေကိုလည်း အိမ်ထောင်ဦးစီးထံသို့သာ အမြဲပေးအပ် လေ့ရှိသည်။ အိမ်ထောင်ဦးစီးများမှာ ယောကျ်ားများသာ ဖြစ်လေရာ အိမ်ထောင်ကို ကျွေးမွေးစောင့်ရှောက်ရသူ အမျိုးသမီးများ အတွက် ပို၍ ခက်ခဲစေသည်။

မီးဖိုချောင်က မီးခိုးများ

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ အဆိုအရ ရခိုင်ပြည်နယ်တွင် ပြည်သူ ၉၀ ရာခိုင်နှုန်းသည် အစားအသောက် ချက်ပြုတ်ရန် အတွက် ထင်းကို အသုံးပြုကြသဖြင့် အိမ်တွင်း လေထုညစ်ညမ်းမှုအဆင့် ပို၍များစေသည်။ အမျိုးသမီးများသည် မီးဖိုတွင် ထင်းနှင့် ချက်ပြုတ်ရသဖြင့် အမျိုးသားများထက် မီးခိုးငွေ့ကို ပိုရှူနေကြရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ အဆို အရ မီးဖိုချောင်အတွင်း မီးခိုးရှူရသော အမျိုးသမီးများသည် လျှပ်စစ်မီး (သို့မဟုတ်) ဓာတ်ငွေ့ကဲ့သို့သော ပိုမိုသန့်ရှင်းသည့် လောင်စာဖြင့် ချက်ပြုတ်ရသော အမျိုးသမီးများထက် အသက်ရှူ လေပြွန်နာရောဂါကဲ့သို့သော Chronoic Obstructive Pulmonary Disease (COPD) ဝေဒနာ ခံစားရနိုင်ခြေ ၃ ဆ ပိုများသည်ဟု သိရသည်။ ထို့ကြောင့် ရွှေသဘာဝဓာတ်ငွေ့ ကဲ့သို့သော ပိုမိုသန့်စင်သည့် လောင်စာကို အသုံးပြုခြင်းဖြင့် ရခိုင်ပြည်နယ်ရှိ အမျိုးသမီးများ၏ ကျန်းမာရေးအန္တရာယ်ကို သိသိသာသာ လျော့နည်းကျဆင်း သွားစေနိုင်သည်။

အမျိုးသမီးများအပေါ် ထိခိုက် သက်ရောက်မှု

မြေသိမ်းခံရခြင်း၊ အဓမ္မ လုပ်အားခိုင်းစေခံရခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးလာခြင်းများကြောင့် မိသားစုဝင်ငွေကျဆင်း နည်းပါးလာရကာ၊ ဤအချက်သည် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အထူးထိခိုက် သက်ရောက်မှု ရှိစေပါသည်။ အဓိကအကြောင်းမှာ ဒေသလူမှု အသိုက်အဝန်းအတွင်း ယောကျ်ားကလေးနှင့် အမျိုးသားများကိုသာ ပိုမိုဦးစားပေးတတ်သော ကျား-မ အခြေခံသာတူညီမျှမှု မရှိခြင်းကြောင့် ဖြစ်သည်။ ထင်ရှားသည့် ဥပမာမှာ - မိသားစု စီးပွားရေးကျဆင်းလာသည့်အခါ မိန်းကလေးများကို ကျောင်းမှ အရင်ဆုံး ထုတ်နှုတ်လေ့ရှိပါသည်။ မိသားစုတစ်ခုအတွင်း စီးပွားရေး အဆင်မပြေမှုများသည် အိမ်တွင်းအကြမ်းဖက်မှုကို ပိုမိုတိုးလာစေသည့် အကြောင်းရင်းတစ်ရပ်လည်း ဖြစ်သည်။ အမျိုးသမီးများအပေါ် ထိခိုက်သက်ရောက်သော အခြားအကြောင်းရင်းများကို အောက်ပါအတိုင်း ဖေါ်ပြလိုပါသည်။

အလုပ်အကိုင် အခွင့်အလမ်း မညီမျှမှု၊ လုပ်အားခ မညီမျှမှု

ယေဘုယျအားဖြင့် အမျိုးသမီးများသည် ပို၍ ရွှေ့ပြောင်းသွားလာနိုင်သော၊ ငွေသားဝင်သည့် အလုပ်အကိုင် ရရှိနိုင်သော အခွင့်အလမ်းပိုမိုရရှိသော မိသားစုဝင် အမျိုးသားများအပေါ်တွင် မှီခိုရသဖြင့် တစ်ခါတရံတွင် စီးပွားရေးကျပ်တည်းမှု ပိုမိုဆိုးရွားလာစေသည်။ အမျိုးသမီးများသည် အလုပ်အကိုင် ရရှိသည့်တိုင် လုပ်ငန်းအတူတူဖြစ်လျှင် လုပ်အားခလျော့နည်း၍ ရရှိတတ်သည်။ ဥပမာအားဖြင့် မဒေးကျွန်း ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် သဲ၊ ကျောက်သယ်သော အမျိုးသမီး အလုပ်သမားများသည် တစ်နေ့လျှင် ကျပ်တစ်ထောင်သာ ရရှိ၍ အမျိုးသားများက နှစ်ထောင်ကျပ် ရရှိကြသည်။

မြေသိမ်းခြင်း၊ စော်ကား နှောင့်ယှက်ခြင်းနှင့်အကြမ်းဖက်ခြင်း

သဘာဝရင်းမြစ် တူးဖေါ်ထုတ်လုပ်ရေး စီမံကိန်းများအနီး စစ်တပ်အင်အားများ ပိုမိုချထားလာခြင်းဖြင့် အမျိုးသမီးများအပေါ် ရုပ်ပိုင်းနှင့် လိင်ပိုင်းဆိုင်ရာ စော်ကား အကြမ်းဖက်မှုများ တိုက်ရိုက် ဆက်နွယ်မှု ရှိနေသည်။ ရတနာနှင့် ရဲတံခွန် ဓာတ်ငွေ့ပိုက်လိုင်းများ တလျှောက်နေရာယူထားသော မြန်မာ စစ်တပ် တပ်ဖွဲ့ဝင်များသည် အမျိုးသမီးများကို လိင်ပိုင်းဆိုင်ရာ စော်ကားအကြမ်းဖက်မှုများ ပြုခဲ့ကြသော်လည်း များသောအားဖြင့် အပြစ်ပေး အရေးယူ ခံရခြင်းမရှိကြပေ။[၄] ၎င်းစစ်သားများ အပြင် စီမံကိန်းဝန်ထမ်းများကလည်း အမျိုးသမီးများအား နောက်ဆက်တွဲ အရေးယူခြင်း အလျဉ်းမရှိ အနိုင်ကျင့်စော်ကား တတ်ကြသေးသည်။ နိုင်ငံခြားသား ဝန်ထမ်းများက ဒေသခံ အမျိုးသမီးများအပေါ် နှောင့်ယှက်မှုနှင့် ပတ်သက်၍ အစီရင်ခံစာများ ထွက်ပေါ်ခဲ့ပြီး ဖြစ်သည်။ ၂၀၁၁ ခုနှစ်၊ ဖေဖေါ်ဝါရီလ တွင် နိုင်ငံခြားသားဝန်ထမ်းတစ်ဦးသည် ကျောက်ဖြူမြို့နေ ဒေသခံ အမျိုးသမီးတစ်ဦးအား လိင်ပိုင်းဆိုင်ရာ နှောင့်ယှက် စော်ကားခဲ့သည်။ ထိုအမျိုးသမီးက ဒေသခံ အာဏာပိုင်များထံသို့ တိုင်ကြားရန် ကြိုးစားသော်လည်း ၎င်းနိုင်ငံခြားသားက ဒေသခံအာဏာပိုင်များနှင့် မိသားစုကိုပါ ငွေပေး၍ နှုတ်ဆိတ်စေခဲ့သည်။ ၂၀၁၀ ခုနှစ်၊ ဇူလိုင်လတွင် နိုင်ငံခြားသားဝန်ထမ်း တစ်ဦးသည် မဒေးကျွန်းပေါ်ရှိ ရေနံတင်ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းခွင် (Oil Terminal) တွင်တာဝန်ထမ်းဆောင်နေသော အမျိုးသမီး ကိုယ်ထိလက်ရောက် စော်ကားခဲ့သော်လည်း ကံကောင်းထောက်မ၍ ၎င်းအမျိုးသမီး လွတ်မြောက်နိုင်ခဲ့သည်။

လိင်ဖျော်ဖြေရေးလုပ်ငန်း တိုးများလာခြင်း

စီမံကိန်းဒေသအတွင်း ယောကျ်ားလုပ်သားများ အစုလိုက်အပြုံလိုက် ဝင်ရောက်လာကြသဖြင့်၊ အမျိုးသမီး လိင်ဖျော်ဖြေသူများကို တောင်းဆိုမှု ပိုများလာစေသည်။ ကျောက်ဖြူမြို့တွင် ကာရာအိုကေခန်းများနှင့် အနှိပ်ခန်းများသည် ကုန်းတွင်းပိုင်း ဓာတ်ငွေ့စခန်းရှိ အမျိုးသားဝန်ထမ်းများအတွက် လိင်ဖျော်ဖြေရာ နေရာများ ဖြစ်လာသကဲ့သို့၊ နေ့စဉ်အမျိုးသမီး ၂၀ ကို မဒေးကျွန်းပေါ်ရှိ ယောကျ်ား ဝန်ထမ်းများအတွက် ပို့ဆောင်ပေးရသည်။ ကျောက်ဖြူမြို့ရှိ ဇိမ်ခန်းတစ်ခုသည် ဒေသအခြေစိုက် ခလရ (၃၄) တပ်ရင်းမှူး ပိုင်ဆိုင်သည့်လုပ်ငန်း ဖြစ်သည်။ ရဲအရာရှိတစ်ဦးက ဖက်စပ်အစုဝင်ထားသည်။[၅]

အမျိုးသမီး လိင်ဖျော်ဖြေသူများသည် ကွန်ဒုံးအစွပ် အသုံးပြုရန် ငြင်းဆန်သော ကာမ ဆက်ဆံသူအမျိုးသားနှင့် အကြမ်းဖက် အနိုင်ကျင့်လိုသော အမျိုးသားများထံမှ လိင်မှတဆင့်ကူးစက်တတ်သည့် ရောဂါများ ကူးစက်ခံရနိုင်သည့် အန္တရာယ်ရှိနေသည်။ မြန်မာနိုင်ငံတွင် လိင်ဖျော်ဖြေရေး လုပ်ငန်းသည် တရားမဝင်သောကြောင့် ၎င်းလုပ်ငန်းလုပ်ကိုင်သူ အမျိုးသမီးများအဖို့ ဖြမ်းခြောက်ခံရခြင်း၊ ငွေညှစ်ခံရခြင်း၊ အဖမ်းအဆီးခံရခြင်း စသည့်အန္တရာယ်များပါ ကြုံတွေ့ရတတ်သည်။ လိင်ဖျော်ဖြေသူများ ပိုမိုလိုအပ်လာသည်နှင့်အမျှ အတင်းအကျပ် လိင်လုပ်ငန်းအတွင်း သွပ်သွင်းခံရသည့် ဖြစ်ရပ်များ (သို့မဟုတ်) လိင်လုပ်ငန်းအတွက် လူကုန်ကူး ရောင်းချမှုများလည်း ပို၍မြင့်တက် ဖြစ်ပေါ်လာသည်။ လတ်တလော အခြေအနေတွင် အမျိုးသမီးများကို ရန်ကုန်မှ ကျောက်ဖြူသို့ တင်သွင်းနေသည်။

သဘာဝပတ်ဝန်းကျင်ပျက်ဆီးခံရခြင်း

ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်းမှ ဖြစ်ပေါ်လာနိုင်သော သဘာဝပတ်ဝန်းကျင် ဆိုးကျိုးများသည် နိုင်ငံတစ်ခုအတွင်း အဆင့်သာမက နိုင်ငံတကာအဆင့်အထိပါ ခြိမ်းခြောက်နေပါသည်။ ပိုက်လိုင်းသွားရာ လမ်းကြောင်းအတွက် သစ်တောများနှင့် တိရိစ္ဆာန်များ ရှင်သန်နေထိုင်ရာ စိမ့်နိမ့်နယ်မြေများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်ငွေ့ပိုက်ပေါက်ကွဲထွက်နိုင်သည့် အခြေအနေနှင့် ယိုစိမ့်ထွက်နိုင်သည့် အန္တရာယ်များသည် နိုင်ငံအနှံ့အပြားဒေသများတွင် ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသည်။ ပင်လယ်ပြင်အတွင်း ရေနံဖိတ်စင်မှုများ၊ စွန့်ပစ်ပစ္စည်းများကြောင့် ဘင်္ဂလားပင်လယ်အော်၏ မိုးရေခံ ရပ်ဝန်းဒေသ တစ်ခုလုံးအတွက် အန္တရာယ်ရှိစေနိုင်ပါသည်။



"ပိုက်လိုင်းအတွက် ဒိုင်းနမိုက်နဲ့ ခွဲပြီးတဲ့နောက်ပိုင်း အဲဒီဒေသထဲမှာ အရင်က ဖမ်းလို့ရတဲ့ ရေချိုငါး၊ ဂဏန်း၊ ပုဇွန်နဲ့ တခြားရေသတ္တဝါတွေ ပိုနည်းလာတယ်။ အခုဆို ကျနော်တို့ အလုပ်လဲ မရှိတော့ဘူးဆိုတော့ နေ့တရူဝ ရှန်းကန်ရှင်သန်ရဖို့တောင် စိုးရိမ်နေရပါတယ်။"
(ဂုံးချိန်ကျေးရွာမှ တံငါသည် တစ်ဦး)

ပင်လယ်ရေအောက် ပိုက်လိုင်းများအတွက် သန္တာကျောက်တန်းများကို ဒိုက်နမိုက် ဖောက်ခွဲပစ်ခြင်း

ပင်လယ်ရေအောက် သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေးအတွက် ဒိုင်းနမိုက်နှင့်ခွဲ၍ လမ်းကြောင်းရှင်းလင်းသဖြင့် ကျောက်ဖြူမြို့ မြောက်ဖက် သုံးမိုင်အကွာရှိ သန္တာကျောက်တန်း၏ ခန့်မှန်းခြေ သုံးပုံတစ်ပုံခန့်သည် အလွန်ဆိုးရွားစွာ ပျက်စီးနေရသည်။ ယင်းသန္တာကျောက်တန်းများသည် ခန့်မှန်းခြေအားဖြင့် တစ်မိုင်ခန့် ရှည်လျားပြီး ငါးနှင့် ရေနေသတ္တဝါများ (သန္တာကျောက်တန်းများသည် သမုဒ္ဒရာကြမ်းပြင်တစ်ခွင်လုံး၏ ၁ ရာခိုင်နှုန်းရှိ၍ ရေနေသတ္တဝါအားလုံး၏ ၂၅ ရာခိုင်နှုန်းအတွက် ရှင်သန်နေထိုင်ရန် အထောက်အကူ ဖြစ်စေသည်။) အတွက် အရေးပါသော နေထိုင်စရာ ဖန်တီးပေးထားသည်။ ထို့ကြောင့် သန္တာကျောက်တန်းများသည် ဒေသခံငါးဖမ်းလုပ်ငန်းများ ရေရှည် ရပ်တည်လုပ်ကိုင်နိုင်ရေးအတွက် အလွန်အရေးပါသည်။ ရခိုင်ပြည်နယ်၊ အဆိုပါဒေသအတွင်း သဘာဝပတ်ဝန်းကျင် ဂေဟာစနစ်ကို အခြေခံသည့် နိုင်ငံခြားခရီးသွားလုပ်ငန်း ဖြစ်ထွန်းလာနိုင်သော အလားအလာသည်လည်း၊ သန္တာကျောက်တန်းများ ဖျက်ဆီးခံရမှုနှင့်အတူ ဆုံးရှုံး ပျောက်ကွယ်သွားလိမ့်မည် ဖြစ်သည်။ ထိုသန္တာကျောက်တန်းများသည် သမုဒ္ဒရာမုန်တိုင်းများကြောင့် ဖြစ်ပေါ်လာသော ကြီးမားသော လှိုင်းလုံးကြီးများ အတွက်လည်း သဘာဝအဟန့်အတားများအဖြစ် ကာကွယ်ပေးထားသည်။

မြစ်ပေါ်ခြင်းနှင့် ကျောက်မျိုးစုံတူးပေါ်ခြင်း

မအီ၊ အမ်းနှင့် လမုဒေသများအပါအဝင် စီမံကိန်းလုပ်ငန်းခွင်နှင့် ဝေးကွာသည့်နေရာတွင် ရှိနေသည့် ရေချိုမြစ်များမှ မဒေးကျွန်းပေါ်တွင် ပင်လယ်ရေနက်ဆိပ်ကမ်းနှင့် ရေနံ လှောင်ကန်များ အခြေခံထုတည်ဆောက်ရန်အတွက် သဲ၊ ကျောက်စရစ်နှင့် အခြားကျောက်မျိုးစုံ ဖော်ယူလျှက်ရှိသည်။ မြစ်ကြောင်း တူးဖော်ခြင်းသည် မြစ်များ၏ ကြံ့ခိုင်မှုအပေါ် ကာလကြာရှည်စွာ ထိခိုက်သက်ရောက်မှု ရှိစေပါသည်။ အကြောင်းမှာ မြစ်ကြမ်းပြင်သည် ငါး၊ ငါးရှဉ့်နှင့် လိပ်များစသော ရေချိုသတ္တဝါများအတွက် အရေးကြီးသော သားပေါက်ဖွားရာ နေရာ ဖြစ်သောကြောင့် ဖြစ်သည်။ ကုန်းထိပ်များ၊ တောင်ထိပ်များပေါ်တွင် ကျောက်တူးဖော်ခြင်းလုပ်ဆောင်သောကြောင့်လည်း မဒေးကျွန်း၏ မြေမျက်နှာသွင်ပြင် အနေအထား လုံးဝပြောင်းလဲ သွားစေသည်။

သစ်တော၏ ဂေဟာစနစ်ကို ပိုက်လိုင်းက ဖြတ်သန်းသွားခြင်း

ပိုက်လိုင်းသည် အနောက်ရိုးမ၏ တစ်ဆက်တည်းဖြစ်သော ရခိုင်ရိုးမကို တည့်တည့် ဖြတ်သန်းသွားမည် ဖြစ်သည်။ အနောက်ရိုးမသည် အရှေ့ဖက် ဟိန္ဒူ ကပ်ရှ် - ဟိမဝန္တာ ဂေဟာဒေသကြီး၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည်။ ထိုဒေသသည် အရှေ့တောင်အာရှ ဒေသကြီးအတွင်းရှိ လူသူမရောက်မပေါက်သည့် သစ်တောကြီးများအနက် အချို့တဝက်ပါဝင်သော ဒေသဖြစ်ပြီး၊ ရှားပါးသတ္တဝါများ အပါအဝင် သစ်ပင်ပန်းမာန်များ၊ တိရိစ္ဆာန်များအတွက် တည်ရှိနားခိုရာလည်း ဖြစ်သည်။ ပိုက်လမ်း ဖြတ်သန်းသွားရာလမ်းနှင့် ၎င်းနှင့်ဆက်စပ်သော လမ်းများ ဖောက်လုပ်ခြင်းကြောင့် တိရိစ္ဆာန်အသိုက်အမြုံများ ပျက်စီးသွားနိုင်ခြင်း၊ တောရိုင်းတိရိစ္ဆာန်များ ပို၍ ခိုးယူဖမ်းဆီးနိုင်ခြင်း၊ ဂေဟာစနစ်တည်ရှိမှုအရ ထိခိုက်လွယ်သော ဒေသများနှင့် တိရိစ္ဆာန်များသွားရာ လမ်းကြောင်းများ ကျိုးပြတ်ပျက်စီးသွားစေနိုင်သည်။

ကမ်းရိုးတန်းနှင့် မြစ်ကြောင်း၏ ဂေဟာစနစ်များ ပျက်စီးစေခြင်း

ကမ်းခြေနှင့် ရေနက်ဆိပ်ကမ်းတွင် ဆီတင်သင်္ဘောများပေါ်မှ အတင်အချပြုစဉ် လောင်စာဆီ ယိုစိမ့်ထွက်ခြင်း၊ ဖိတ်စင်၊ စိမ့်ထွက်ခြင်းကြောင့် ကမ်းခြေဂေဟာ စနစ်တစ်ခုလုံးအပေါ်

ဆိုးကျိုးသက်ရောက်မှုများရှိပေမည်။ အထူးသဖြင့် ဒီရေရောက် လမုတောများအပေါ် ပို၍ သက်ရောက်မှု ရှိလာမည် ဖြစ်သည်။ ရမ်းဗြဲကျွန်းနှင့် မဒေးကျွန်းများပေါ်တွင် အကြီးစား ရေနံသန့်စင်စက်ရုံကြီးများ တည်ဆောက်မည် ဖြစ်သောကြောင့် ပင်လယ်အတွင်းနှင့် ဒေသတွင်း ရေစီးဆင်းရာ လမ်းများ အတွင်းသို့ အန္တရာယ်ရှိသော ရေနံဖိတ်စင်ခြင်းများ (သို့မဟုတ်) အဆိပ်ဖြစ်စေသည့် ဓါတုစွန့်ပစ်ပစ္စည်းများ စသည်တို့ ပို၍ များလာစေနိုင်သည်။ ရခိုင်တောလိပ် (Heosemys depressa)၊ မြန်မာ့ အခွံမာလိပ် (Kachuga trivittata) နှင့် ငါးဖရုန်း (Synaptura commensoniana) စသည့် အလွန်ရှားပါးသော သတ္တဝါများအတွက်ပါ အန္တရာယ် ရှိနေသည်။

ဂီရိမုန်တိုင်းကြောင့် အိုးအိမ်အခြေမဲ့ခဲ့ရသည့် မိသားစု

လက်တစ်ကမ်းမှ သဘာဝဘေးအန္တရာယ်များ

၂၀၀၈ ခုနှစ်တွင် ကြုံတွေ့ခဲ့ရသည့် နာဂစ် ဆိုက်ကလုန်းမုန်တိုင်းနှင့် ၂၀၁၀ ခုနှစ် ဂီရိမုန်တိုင်းတို့ နှစ်ခုစလုံးက မြန်မာ့ ကမ်းရိုးတန်းတလျှောက် အကာအကွယ်မဲ့ ဖြစ်နေမှုကို ဖော်ထုတ်ပြသလိုက်သည်။ သန္တာကျောက်တန်းများနှင့် ကမ်းရိုးတန်းရှိ လမုတောများ ဖျက်ဆီးခံရခြင်းကြောင့် မုန်တိုင်းဘေးအန္တရာယ်မှ အကာအကွယ်ပေးမည့် သဘာဝ အရံအတားများကို ဖျက်ဆီး ပစ်ရာရောက်သဖြင့် ပို၍ အကာအကွယ်မဲ့ရသည့် အခြေအနေသို့ ဆိုက်ရောက်စေသည်။ ထို့ကြောင့် ကမ်းခြေဒေသနေ ပြည်သူများသည်သာ လေပြင်းတိုက်ခိုက်မှုနှင့် ရေလှိုင်းများ၏ ဖျက်ဆီးမှုဒဏ်ခံရသည်သာမက အခြား အခြေခံ အဆောက်အဦများသည်လည်း ပျက်စီးစေနိုင်သည်။

ရခိုင်ပြည်နယ်ရှိ ဒီရေရောက်တောများသည် မုန်တိုင်းဒဏ်မှ ကာကွယ်ပေးနေသည်။

တည်ဆောက်မည့် ပင်လယ်ရေနက်ဆိပ်ကမ်းသည် မြန်မာနိုင်ငံ၏ အကြီးမားဆုံးသော လမုတောတန်းကြီး၏ အလယ် တည့်တည့်တွင် တည်ရှိသည်။ စတုရန်းဧက ၆၀, ၀၀၀ ကျော် ကျယ်ဝန်းသော ရခိုင်ဒေသ လမုတောများသည် ကမ်းရိုးတန်းဒေသအား မိုးရာသီ မုန်တိုင်းများနှင့် ဆိုင်ကလုန်း မုန်တိုင်းများအန္တရာယ်မှ အထူး အကာအကွယ် ပေးထားသည်။ သစ်တော၏ အချို့နေရာများကို စီမံကိန်းနှင့် ဆက်စပ်သည့် အဆောက်အဦများ ဆောက်ရန်အတွက် ရှင်းလင်းခဲ့ပြီးဖြစ်၍ နောင်အနာဂတ်တွင် ပိုက်လိုင်းမှ ဆီယိုဖိတ်မှုများ ရှိလာပါက ဒေသတွင်း ဂေဟစနစ်ကိုလည်း ပျက်စီးသွားစေနိုင်သည်။

ရွှေစီမံကိန်း၏ ကမ်းရိုးတန်းအဆောက်အဦများနှင့် ရေနံပိုက်လိုင်းသည် မြေငလျင်လှုပ်ခတ်မှု အန္တရာယ်ကြုံရနိုင်ခြေ ရှိသဖြင့် အလွန်စိုးရိမ်ဖွယ်ရာ ကိစ္စတစ်ခုဖြစ်သည်။ ကမ်းလွန် သဘာဝဓာတ်ငွေ့လုပ်ကွက်အနီး ပင်လယ်ရေကြမ်းပြင်အောက် ကမ္ဘာမြေထုပြတ်ရွေ့ကြော ဆုံမှတ်တစ်ခု ရှိနေပြီး၊ ပိုက်လိုင်းသွားရာလမ်းကြောင်း၏ အစိတ်အပိုင်း အတော်များများသည် စစ်ကိုင်းပြတ်ရွေ့ကြောဟု ခေါ်သည့် နောက်ထပ် ပြတ်ရွေ့ကြောတစ်ခုအောက်တွင် ရှိနေပြန်သည်။

ထို့ကြောင့် ရေနံတူးစင်များ ပျက်စီးခြင်း၊ ပေါက်ကွဲခြင်းနှင့် ရေနံဖိတ်စင် ယိုထွက်ခြင်း ဖြစ်ပေါ်လာနိုင်၍ အန္တရာယ်ကြီးမားသော်လည်း ယနေ့ထိတိုင် ထိုအခြေအနေများဖြစ်လာပါက မည်သို့မည်ပုံ ဆောင်ရွက်မည်ဟူသော လေ့လာချက် (သို့ မဟုတ်) ပြင်ဆင်ချက် တစ်စုံတရာမရှိသေးပေ။ အမှန်တွင် နာဂစ်မုန်တိုင်းနှင့် ၂၀၁၁ ခုနှစ် ရှမ်းပြည်နယ် မြေငလျင် လှုတ်ခတ်မှုအပေါ် ပြန်လည်တုံ့ပြန်ဆောင်ရွက်မှုများကို ကြည့်ပါက စစ်အစိုးရတွင် သဘာဝအလျောက် ဖြစ်စေ၊ လူလုပ်၍ဖြစ်စေ ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်များအတွက် ပြင်ဆင်ထားခြင်း (သို့မဟုတ်) ချက်ချင်း တုံ့ပြန်ဆောင်ရွက် မည့် အစီအစဉ်များ မရှိသေးသည်ကို တွေ့ရမည် ဖြစ်သည်။ ဖြစ်နိုင်ချေ အားနည်းချက်များကို ထုတ်ဖေါ်သတ်မှတ်ထားခြင်း ရှိ-မရှိကို မသိရသည့်အပြင်၊ ရွှေသဘာဝဓာတ်ငွေ့နှင့် ပိုက်လိုင်းလမ်းကြောင်း စီမံကိန်းအတွက် အန္တရာယ်လျော့ပါးရေး အစီအစဉ်များ ချမှတ်ထားခြင်း ရှိ- မရှိကိုလည်း မသိရပေ။

သို့သော်လည်း ရေနက်ဆိပ်ကမ်း အခြေခံအဆောက်အဦများ ဆောက်လုပ်ရန် သစ်တောများကို လုံးဝရှင်းလင်း ပစ်ခဲ့သည်။ (ညာ)

စီမံကိန်းနေရာရှိ ဆိုင်းဘုတ်တစ်ခု "သဘာဝဝန်းကျင်ကို ကာကွယ်ပါ" ဟု ဖော်ပြထားသည် (အောက်)။

အန္တရာယ်ပြွမ်းသော စီးပွားရေး

စီမံကိန်းဒေသအတွင်း လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားလာနိုင်သော အခြေအနေ ရှိနေသောကြောင့် စီမံကိန်းတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် လုံခြုံမှုမရှိခြင်း၊ စီမံကိန်းအဆောက်အဦများ ပျက်စီးနိုင်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ပါဝင်ပတ်သက်မိနိုင်သော အန္တရာယ် ရှိနေခြင်း၊ လူမှုရေး မတည်ငြိမ်မှုများအတွက် ၎င်းစီမံကိန်းကြောင့် တွန်းအား ဖြစ်စေနိုင်ခြင်း၊ စီမံကိန်းတွင် ပါဝင်ပတ်သက်သူ ကုမ္ပဏီများနှင့် အစိုးရများ၏ ဂုဏ်သိက္ခာ ထိပါးစေနိုင်ခြင်းများကြောင့် ယခုစီမံကိန်းသည် အလွန်အန္တရာယ်များ စွန့်စားရမည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုလည်း ဖြစ်သည်။ လက်တွေ့အခြေအနေတွင် အောက်ခြေပြည်သူလူထုအကြား တင်းမာမှုများနှင့် မကျေနပ်မှုများလည်း တိုး၍ မြင့်မားလာနေသည်။

လူမှုရေး မငြိမ်သက်မှုများ

သဘာဝရင်းမြစ် ထုတ်ဖော်ရောင်းချသည့် စီမံကိန်း၊ အထူးသဖြင့် စွမ်းအင်ကဏ္ဍမှ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများသည် မြန်မာနိုင်ငံတွင် လူအများ မကြိုက်သည့် လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ အကြောင်းမှာ နှစ်ရှည်လများ စွမ်းအင် မလုံလောက်သော နိုင်ငံတစ်ခုက စွမ်းအင် အရင်းအမြစ်များကို နိုင်ငံခြားသို့ ထုတ်လုပ် တင်ပို့ရောင်းချခြင်းကြောင့် ဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် မြန်မာနိုင်ငံ အနှံ့အလျား ထောင်သောင်းချီသော သံဃာတော်များနှင့် သာမန်ပြည်သူက လမ်းမများပေါ် ထွက်၍ ချီတက်ဆန္ဒပြမှုများ ဖြစ်လာစေသည့်အကြောင်းမှာ၊ ပြည်သူအများ အသုံးပြုနေသည့် ဒီဇယ်နှင့် ရေနံဆီဈေးနှုန်းကို အာဏာပိုင်များက အဆပေါင်းများစွာ တိုးမြှင့်လိုက်ခြင်းကြောင့်ဖြစ်သည်။ စစ်အစိုးရက ရွှေဝါရောင်တော်လှန်ရေးကို ဖြိုခွဲချေမှုန်းခဲ့သော်လည်း၊ အခြား ဆန္ဒပြမှုများ ဆက်လက်ဖြစ်နေဆဲ ဖြစ်သည်။ မွန်ပြည်နယ်အတွင်းရှိ သဘာဝဓာတ်ငွေ့ကို အိမ်နီးချင်း ထိုင်းနိုင်ငံသို့ ရောင်းချခြင်းအပေါ် မကျေနပ်၍ ၂၀၁၁ ခုနှစ်တွင် မွန်ပြည်နယ်၌ လျှပ်စစ်မီးလုံလောက်စွာ မရရှိမှုအပေါ် ဆန္ဒပြပွဲများ ဖြစ်ပေါ်ခဲ့သည်။ နိုင်ငံခြားတိုင်းတပါးမှ ပိုင်ဆိုင်ခြင်း၊ အကျိုးအမြတ်ရရှိနေခြင်းအပြင် အဆိုပါ စီမံကိန်းများတွင် လူအများက ပူးပေါင်းပါဝင်ခွင့် မရမှုနှင့် ပြောဆိုဆွေးနွေးခွင့်များကိုလည်း ပိတ်ပင်ထားသဖြင့် အဆိုပါ စီးပွားရေးလုပ်ငန်းများသည် လူထုအများ၏ မကျေနပ်သည့် ပစ်မှတ်များ ဖြစ်နေကြသည်။ သို့ဖြစ်ရာ သက်ဆိုင်ရာ ကုမ္ပဏီများအတွက် အလွန်အန္တရာယ်များ စွန့်စားရသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းလည်း ဖြစ်သည်။

ဒေသခံတို့၏ မကျေနပ်ချက်များနှင့် ပဋိပက္ခများ

၂၀၀၇ ခုနှစ်၊ ဧပြီလတွင် ရခိုင်ပြည်နယ်အတွင်း ရေနံရှာဖွေနေသော တရုတ်ကုမ္ပဏီက ၎င်းတို့ပိုင်မြေများကို သိမ်းယူသဖြင့် ဒေါသထွက်နေသော ဒေသခံပြည်သူ ၄၀ ခန့်သည် ရေနံတောင်ရှိ ကုမ္ပဏီပိုင် အဆောက်အဦးအတွင်းသို့ ဝင်ရောက်၍ ပစ္စည်း ကိရိယာများကို ဖျက်ဆီးခဲ့ကြသည်။[၆] ဒေသခံပြည်သူများ အတွက် အကျိုးခံစားခွင့် မရှိခြင်းနှင့် တရုတ်လူမျိုးများ တစစ ပိုမိုများပြားလာခြင်းကြောင့် ကျောက်ဖြူမြို့ တွင်တရုတ်ဆန့်ကျင် ရေးစိတ်ဓာတ်များ ပိုမိုပေါက်ဖွားလာစေသည်။ ရွှေ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများအပေါ် မကျေနပ် တိုင်ကြားချက်များ ပိုမြင့်မားလာနေဆဲဖြစ်ပြီး၊ လူမှုအသိုက်အဝန်း ရပ်ရွာများကလည်း စတင်ဆန့်ကျင်လာနေကြပြီ ဖြစ်သည်။

၅% မြန်မာနိုင်ငံတွင် နိုင်ငံသားတစ်ဦးချင်း၏ စွမ်းအင်အသုံးပြုမှုသည် အိမ်နီးချင်း ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့ နှင့် နှိုင်းယှဉ်ကြည့်ပါ က ၅ % သာ ရှိသည်။



Source: World Development Indicators Dataset, World Bank

(အောက်ဖော်ပြပါ စာမျက်နှာများကို ကြည့်ပါ။)

ဂုဏ်သိက္ခာ ညှိုးနွမ်းစေခြင်း

ရွှေဓာတ်ငွေ့ စီမံကိန်းနှင့် ပိုက်လိုင်းစီမံချက်များကြောင့် ဖြစ်ပေါ်လာသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ ဒေသခံများအတွက် အကျိုးကျေးဇူးနည်းပါးခြင်းနှင့် လုပ်ငန်းကြောင့် ရလာမည့် ဝင်ငွေသည် စစ်အစိုးရ၏အကျိုးအတွက်သာ ဖြစ်နေသောကြောင့် လုပ်ငန်းစီမံချက်တွင် ပါဝင်သော ကုမ္ပဏီများ၏ ဂုဏ်သိက္ခာအတွက် အလွန်စိုးရိမ်ရဖွယ် ဖြစ်စေသည်။ နိုင်ငံတကာအဆင့်တွင် စိုးရိမ်ချက်များ ပို၍မြင့်မားလာခြင်းကြောင့် အချို့ရင်းနှီးမြှုပ်နှံသူများက အစုရှယ်ယာများကို ပြန်လည်ရုပ်သိမ်းသွားခဲ့ကြသည်။ ၂၀၀၇ ခုနှစ်တွင် လူ့အခွင့်အရေးအတွက်ဆောင်ရွက်သော အဖွဲ့အစည်းများနှင့် ဒိန်းမတ်အစိုးရထံမှ ဖိအားများ အဆက်မပြတ် ပေးနေမှုများကြောင့် ဒိန်းမတ်ပြည်သူများ၏ ပင်စင်ရန်ပုံငွေ ကုမ္ပဏီတစ်ခု ဖြစ်သည့် အေတီပီ (ATP) သည် စစ်အစိုးရ၏ မြန်မာနိုင်ငံရေနံနှင့် သဘာဝ ဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းနှင့် ပူးတွဲ၍ ရေနံကုမ္ပဏီများတွင် ထည့်ဝင်ထားသော အမေရိကန်ဒေါ်လာ ၁၂ သန်းကို ပြန်လည်ထုတ်နှုတ်သွားခဲ့သည်။ ၂၀၀၉ ခုနှစ် နောက်ထပ် ဒိန်းမတ်နိုင်ငံမှ ပင်စင်ရန်ပုံငွေ ထိန်းသိမ်းသော ကုမ္ပဏီတစ်ခုဖြစ်သည့် ဒနီကာ ပင်စင် (Danica Pension) က၊ ဒေးဝူးကုမ္ပဏီသည် မြန်မာနိုင်ငံ စစ်အစိုးရနှင့် ဆက်စပ်မှု ရှိနေသည်ဟု ဆိုကာ၊ ၎င်းကုမ္ပဏီ၏ "ကမ္ဘာလုံးဆိုင်ရာရင်းနှီးမြှုပ်နှံမှု" မှ ပြန်လည် ထွက်ခွာကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထို့အပြင် ဒေးဝူးအင်တာနေရှင်နယ် ကုမ္ပဏီသည် မြန်မာနိုင်ငံနှင့် ပတ်သက်မှုများအတွက် ရာဇဝတ်မှု တရားစွဲဆိုချက်များကိုလည်း ရင်ဆိုင်ခဲ့ရသည်။ ၂၀၀၇ ခုနှစ်တွင် ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အခြား ကိုရီးယား အဆင့်မြင့် အုပ်ချုပ်ရေးအရာရှိ ၁၃ ဦးသည် မြန်မာနိုင်ငံ လက်နက်စက်ရုံတစ်ခုသို့ အမေရိကန်ဒေါ်လာ ၁၁၃ သန်းတန် စက်ပစ္စည်းများ တင်သွင်းသဖြင့်၊ ကိုရီးယားနိုင်ငံ၏ ကုန်သွယ်ရေးစည်းမျဉ်းကို ချိုးဖောက်သည်ဟု ဆိုကာ ပြစ်မှု မြောက်သည်ဟု တွေ့ရှိခဲ့ရသည်။

ရွှေသဘာဝဓာတ်ငွေ့လုပ်ငန်း၏ အဓိကဝယ်လက် တစ်ဦးလည်းဖြစ်၊ ပိုက်လိုင်းစီမံကိန်းတွင် အဓိကပါဝင်သော တရုတ်နိုင်ငံ၏ CNPC ကုမ္ပဏီသည် ဘဏ္ဍာရေးပြဿနာများ ရင်ဆိုင်နေရပြီးပြီးခဲ့သည့် ကာလများအတွင်း ဂုဏ်သိက္ခာ ကျဆင်းမှုများကိုပါ ရင်ဆိုင်ခဲ့ရသည်။ ဒါဖောဒေသ လူမျိုးတုန်း သတ်ဖြတ်မှုများ ဖြစ်ပွားနေစဉ်အတွင်း ဆူဒန်အစိုးရကို ရုပ်ဝတ္ထု ပစ္စည်းများ CNPC က ထောက်ပံ့ပေးခဲ့မှုကို ကန့်ကွက်သော လှုပ်ရှားမှုတစ်ခုကြောင့် ၂၀၀၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဘီလီယံရှိသော ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်ရုပ်သိမ်းသွားခြင်း ကြုံခဲ့ရသည်။ CNPC သည် မြန်မာနိုင်ငံတွင် အဆိုပါ စီမံကိန်းများ လုပ်ကိုင်နေခြင်းကြောင့် ရင်းနှီးမြှုပ်နှံသူများ ထပ်မံ ဆုံးရှုံးရနိုင်ပြီး၊ ဂုဏ်သိက္ခာပါ ဆက်လက်ကျဆင်းသွားနိုင်သည်။

ရွှေသဘာဝဓာတ်ငွေ့ လုပ်ငန်း အစုစပ်ကုမ္ပဏီများ



သဘာဝဓါတ်ငွေ့ တူးဖေါ်ခြင်း၊ သယ်ယူခြင်းနှင့် ရောင်းချခြင်း



မြန်မာ- တရုတ် သဘာဝဓါတ်ငွေ့ပိုက်လိုင်း

ကုန်းတွင်း သဘာဝဓာတ်ငွေ့စက်ရုံသို့ လမ်းညွှန်ထားသည့် ဒေဝူး ဟွန်ဒိုင်းဆိုင်းဘုတ်နှင့် ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းခွင်၌ စိုက်ထူထားသော တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်းနှင့် တရုတ် ဆက်သွယ်ရေးကော်ပိုရေးရှင်း ဆိုင်းဘုတ်များ

မည်သည့် လုပ်ငန်းစဉ်မျိုး ဖြစ်သနည်း။

"ကျနော်တို့ဒေသမှာ ရွှေသဘာဓာတ်ငွေ့လုပ်ငန်းနဲ့ပတ်သက်လို့ သိတဲ့သူ အနည်းအကျဉ်းပဲရှိတယ်။ ရွှေဘာဆက်ဖြစ်မယ် ဆိုတာလည်း ကျနော်တို့ ဒေသခံတွေ ရေရေရာရာ မသိပါဘူး။ ဘယ်လိုမျိုး ဆိုးကျိုးသက်ရောက်မှုရှိလာမယ်၊ ဘယ်လို အန္တရာယ်တွေ ဖြစ်လာနိုင်တယ်ဆိုတာ လုံးဝမသိပါဘူး။ ကျနော်တို့စိတ်ထဲခံစားမိတာကတော့ ဒီဓာတ်ငွေ့လုပ်ငန်းက ထပေါက်ကွဲပြီး အန္တရာယ်ရှိလာနိုင်တယ်လို့ ထင်နေတယ်။ ကျနော်တို့က တရုတ်ကုမ္ပဏီရဲ့ နည်းပညာတွေ၊ ကျွမ်းကျင်မှု တွေအပေါ်မှာ အပြည့်အဝ ယုံကြည်မှုမရှိတာကြောင့် ဒီလုပ်ငန်းကနေ ဒုက္ခရောက်ရမယ့် အဖြစ်ကို စိုးရိမ်နေပါတယ်။" (ကျောက်ဖြူမှ ကျောင်းဆရာတစ်ဦး)

ခံချိန်ခံနှုန်း သတ်မှတ်ချက် ကင်းမဲ့နေခြင်း

ကနဦး တိုင်ပင်အကြံရယူ ဆွေးနွေးမှုလုံးဝ မရှိသည့်အပြင်၊ ဆိုးကျိုးများ သက်ရောက်နိုင်မှုအပေါ် လေ့လာချက် မရှိခြင်းနှင့် "လွတ်လပ်စွာ တင်ကြိုအသိပေး၍ ဒေသခံပြည်သူများထံမှ သဘောတူညီချက် ရယူမှုမရှိခြင်း" မှသည် စီမံကိန်းလုပ်ကိုင်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဒေသခံရပ်ရွာလူထု၏ မကျေနပ်ချက်များကို ကြားဝင်ဆောင်ရွက်ပေးမည့် လုပ်ငန်းယန္တရား ကင်းမဲ့နေခြင်း၊ ရရှိလာသည့် ဝင်ငွေအပေါ် အစိုးရ၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုပျက်ကွက်ခြင်း စသည့်ကိစ္စများ ဖြစ်ပေါ်နေသည်။ ထို့အပြင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်နာရမည့် စံချိန်စံနှုန်း သတ်မှတ်ချက်များလည်း တိတိကျကျ မရှိပေ။ ဒေသခံ ရပ်ရွာ လူမှုအသိုက်အဝန်းများကို အဆင့်အားလုံး၌ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များမှ ဖယ်ကျဉ်ထားသည်။ လူထုအများစုက အဆိုပါ စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ စိုးစဉ်းမျှ မသိကြပေ။

လူသိရှင်ကြား လေ့လာခုံခမ်း အကဲဖြတ်ခြင်းမရှိ။

မြန်မာနိုင်ငံ၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံများရှိ တည်ဆဲနိုင်ငံတော်ဥပဒေများအားလုံးတွင် အကြီးစားစက်မှု လုပ်ငန်းများကြောင့် ဖြစ်ပေါ်လာမည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်နိုင်မှုများ လုပ်ဆောင်ရန် လိုအပ်ကြောင်း ဖော်ပြထားသည်။ သို့သော်လည်း ရွှေသဘာဝဓာတ်ငွေ့ (သို့မဟုတ်) ပိုက်လိုက်စက်ရုံ စီမံကိန်းနှင့်ပတ်သက်၍ မည်သည့် လေ့လာမှုများကိုမှ လူသိရှင်ကြားထုတ်ဖော်ပြောဆိုခြင်း မရှိသေးသဖြင့် မည်သည့် လေ့လာ အကဲဖြတ်မှုများ ဆောင်ရွက်ပြီးစီးခဲ့သည်၊ မည်သည့် စံနှုန်းသတ်မှတ်ချက်များ အသုံးပြုခဲ့သည်ကို မသိရှိနိုင်ပေ။

မဒေးကျွန်းရှိ ရေနံ သိုလှောင်ကန် တည်ဆောက်ရာ နေရာ

မိမိတို့၏ သုတေသနလုပ်ငန်းများအရ တရုတ်နိုင်ငံ အမျိုးသား ရေနံကုမ္ပဏီ (CNPC) သည် အင်္ဂလန်နိုင်ငံပိုင် ဟောင်ကောင် အခြေစိုက် အကြံပေးကုမ္ပဏီ အီး-အာ-အမ် အိပ်ချ်-ကေ လီမိတက် (ERM HK Ltd)၊ ကနေဒါနိုင်ငံပိုင် ဘန်ကောက် အခြေစိုက် အကြံပေးကုမ္ပဏီ တစ်ခုဖြစ်သော နိုင်ငံတကာ သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲရေး ကုမ္ပဏီနှင့် မြန်မာနိုင်ငံအခြေစိုက် မြန်မာဈေးကွက် စီးပွားရေး သုတေသနအဖွဲ့ (MMR) တို့ကို လေ့လာမှုများလုပ်ရန် ငှားရမ်း အသုံးပြုခဲ့သည်ဟု သိရသည်။ သို့သော် အဆိုပါ လေ့လာမှုများနှင့် ပတ်သက်၍ လေ့လာမှု၏ အတိုင်းအတာ၊ လေ့လာခဲ့သည့် အကြောင်းအရာစသဖြင့် မည်သို့ ဆောင်ရွက်ခဲ့သည်ကိုတော့ မသိရပေ။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု လေ့လာချက် (EIA) များအတွက် အဓိကကျသည့် ကမ္ဘာလုံးဆိုင်ရာ အကောင်းဆုံးသော လုပ်နည်းတစ်ခုမှာ ထိုလုပ်ငန်း အကောင်အထည်ဖော်ရာ ဒေသအတွင်း နေထိုင်သော ပြည်သူများ နားလည်သော ဘာသာစကားဖြင့် တွေ့ရှိချက်များကို လူထုအကြား ရှင်းလင်းပြ ပေးရမည်ဟု ဆိုထားသည်။ သို့သော် လေ့လာမှုများကို ရှင်းလင်းချပြပေးရန် တရားဝင် တောင်းဆိုမှုများကို မည်သို့မှ ပြန်လည် တုံ့ပြန်ခြင်း မရှိသေးပေ။

မေးခွန်းထုတ်သူအား နှုတ်ပိတ်ပစ်ခြင်း

စီမံကိန်းဒေသအတွင်း ဒေသခံပြည်သူများသည် လက်တုံ့ပြန်အရေးယူခံရမည်ကို ကြောက်ရွံ့၍ အဆိုပါလုပ်ငန်းအကြောင်း ကန့်ကွက် ပြောဆိုရန် မရဲကြပေ။ လယ်သိမ်းခံရသော လယ်သမားများ၊ ခေါင်းပုံဖြတ်ခံရသော အလုပ်သမားများ၊ စီမံကိန်းအကြောင်း အများသိစေရန်အတွက် ဖော်ထုတ်ပြောဆိုရန် ကြိုးပမ်းနေသော လူငယ်များသည် အဆိုပါ စီမံကိန်း အကြောင်း သာမန်မေးရုံမျှ (သို့မဟုတ်) မကျေနပ်ချက်အား ဖော်ထုတ်ပြောဆိုရုံမျှနှင့်ပင် ခြိမ်းခြောက်ခံရခြင်း၊ ရိုက်နှက်ခံရခြင်းနှင့် ထောင်ချခြင်းတို့ပင် ခံနေကြရသည်။

ဥပဒေအထက်တွင် ခစ်တပ်ကို ဦးထိပ်ထားသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြဌာန်းထားခြင်း

ဗဟိုအစိုးရက မြေယာနှင့် မြေပေါ်မြေအောက် သယံဇာတ အရင်းအမြစ်များအပေါ် အကြွင်းမဲ့ ချုပ်ကိုင်ထားခွင့်ကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ပြဌာန်းပေးထားသည်။ အိုးအိမ်၊မြေယာနှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့် အခွင့်

အရေးများနှင့် ပတ်သက်၍ ဖေါ်ပြထားခြင်းမရှိဘဲ စစ်တပ်တွင်သာ ဥပဒေအရ ကင်းလွတ်ခွင့်အပြည့်ရှိသော မြေယာသိမ်းယူခွင့် အခွင့်အရေး ရှိနေသည်။ အကြီးစားစက်မှုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးသက်ရောက်မှုလျော့လာချက်ကို မဖြစ်မနေ လုပ်ဆောင်ရမည်ဟု ဥပဒေအရ ပြဋ္ဌာန်းထားခြင်း မရှိသကဲ့သို့၊ ထိုလုပ်ငန်းများနှင့် ပတ်သက်သော ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင်လည်း ရပ်ရွာ လူမှုအသိုက်အဝန်း ပါဝင်မှု ရှိစေရမည်ဟူသော ပြဋ္ဌာန်းချက်မျိုး မရှိပေ။ အကယ်၍ ထိုကဲ့သို့သော ဥပဒေရှိစေကာမူ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တပ်မတော်သည် နိုင်ငံသားဥပဒေ၏ ပြင်ပတွင် ဆက်လက် ရှိနေမြဲဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ သက်တမ်းရှည် အာဏာရှင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်သာ နိုင်ငံ၏ ဥသျှောင်အဖွဲ့ကို ဆက်လက်ဦးဆောင်နေဆဲ ဖြစ်သည်။

ဝင်ငွေနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှု မရှိခြင်း

စစ်အစိုးရသည် ရွှေသဘာဝဓာတ်ငွေ့လုပ်ငန်းမှ နောင်နှစ်ပေါင်း ၃၀ အတွင်း ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၂၉ ဘီလီယံ ရရှိမည် ဖြစ်သည်။ သို့သော် ထိုဘဏ္ဍာဝင်ငွေသည် ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းဖွယ် မရှိပေ။ အကြောင်းမှာ မြန်မာနိုင်ငံအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကြီးများမှ ရရှိသော ဝင်ငွေအများစုကို နိုင်ငံတော်ဘဏ္ဍာငွေတွင် အဆ ၂၀၀ ကျော် တန်ဖိုးချထားသော တရားဝင်ငွေလဲလှယ်နှုန်းဖြင့်သာ ထည့်သွင်းဖော်ပြသည်။ လက်ကျန်ငွေများကို မည်သို့ထားရှိစီမံသည်ကို မသိရှိရပေ။ လက်ရှိ စစ်တပ်ကျောထောက်နောက်ခံပြုထားသည့် အစိုးရသစ်သည်လည်း အထူးစီမံကိန်းများ ရန်ပုံငွေဟူ၍ မကြာသေးခင်က ထုတ်ပြန်ကြေညာကာ အလားတူ "မည်သူမျှ သိခွင့်မရှိသည့် 'တွင်းမဲ' ဘဏ္ဍာရန်ပုံငွေ" ပုံစံမျိုးဖြင့် ဆက်လက် ဆောင်ရွက်နေသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့မှ ရရှိမည့် ဝင်ငွေများသည် ၎င်းတာဝန်ခံမှုမရှိသော ဘဏ္ဍာငွေထဲသို့ ရောက်သွားမည်ဖြစ်ပြီး၊ ထိုဘဏ္ဍာငွေသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အုပ်ချုပ်မှုအောက်တွင် လုံးဝရှိသည်။ ရွှေသဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ပါဝင်သော နိုင်ငံခြားကုမ္ပဏီများအတွက် ဝင်ငွေများအား မည်သို့အသုံးချသည်ကို ခြေရာကောက် စုံစမ်းရန် အလွန်ခက်ခဲသည်။ အကြောင်းမှာ ၎င်းကုမ္ပဏီများသည် မြန်မာနိုင်ငံသို့ ပေးချေရသော ငွေကြေးအတွက် ဝင်ငွေပွင့်လင်းမြင်သာမှု မကျင့်သုံးခဲ့သည့်အပြင်၊ ဤသို့ ကျင့်သုံးရန် လုပ်ငန်းစဉ်များ ရှိနေသည်ဟုလည်း မဖော်ပြဖူးသည့် ကုမ္ပဏီများ ဖြစ်နေခြင်းကြောင့် ဖြစ်သည်။



ရွှေသဘာဝ ဓာတ်ငွေ့စီမံကိန်းနေရာတွင် လျှို့ဝှက် ဒုံးပျံပစ်စစ်အခြေစိုက်စခန်းကိုလည်း တည်ဆောက်ရန် လျာထားသည်။

ဝန်ကြီးဌာန	ကျပ်ဘီလီယံပေါင်း	စုစုပေါင်း ဘတ်ဂျက်၏ %
ကာကွယ်ရေး ဝန်ကြီးဌာန	၁,၃၂၃	၅၁
ဆောက်လုပ်ရေး	၂၉၆	၁၁
ပညာရေး	၂၆၇	၁၀
စိုက်ပျိုးရေး	၁၉၉	၈
လျှပ်စစ်	၇၈	၃
ကျန်းမာရေး	၇၃	၃
အခြား	၃၅၈	၁၄
စုစုပေါင်း သုံးစွဲငွေ	၂,၅၉၄	၁၀၀

ပင်ရင်း။ မြန်မာနိုင်ငံ စရင်းအင်းဌာန (MSCO) ၂၀၁၁ ခုနှစ်

Least Free: The Economic Consequences of Fifty Years of Totalitarian Rule in Burma, Sean Turnell, 2011 မှ ရယူထားသည်။

အမေရိကန်ဒေါ်လာ ၂၉ ဘီလီယံ။

နောင် နှစ်ပေါင်း ၃၀ အတွင်း ရွှေသဘာဝဓာတ်ငွေ့ ရောင်းချခြင်းမှ ရရှိမည့် မြန်မာစစ်အစိုးရအတွက် ခန့်မှန်းဝေင်ငွေ ဖြစ်သည်။

(CNPC) ကုမ္ပဏီက စီမံကိန်းဒေသရှိ ကလေးများအတွက် ကျောင်းငယ် တစ်ဆောင်ကို ဆောက်လုပ်ပေးခဲ့သည်။ သို့သော်လည်း စီမံကိန်းမှ ယန္တယားကြီးများ ကြောင့် ဒေသခံ လမ်းများ ပျက်စီးခဲ့ရပြီး လမ်းကို ကိုယ်တိုင် ရှင်းလင်း နေကြရသည်။

ရင်ဆိုင်အန်တုနေကြသော ရပ်ရွာလူမှုအသိုက်အဝန်းများ

စစ်တွေတက္ကသိုလ်မှ ကျောင်းသားများ ယခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဘတ်စ်ကားခများ ကြီးမြင့်မှုကြောင့် ဆန္ဒပြခဲ့ကြသည်။ လောင်စာဆီဈေးများ ရုတ်တရက်မြှင့်တင်လိုက်ခြင်းကြောင့် ၂၀၀၇ ခုနှစ်တွင် လူအများဆန္ဒပြကြပြီး "ရွှေဝါ ရောင်လှုပ်ရှားမှု" ပေါ်ပေါက်ခဲ့ရသည်။

အဆုံးတွင်မူ ကုမ္ပဏီသည် အလုပ်ချိန်တိုးချဲ့ခြင်းများ ပြန်လည်ပြင်ဆင်ပေးရန် သဘောတူခဲ့ကြသဖြင့် နောက်တစ်နေ့တွင် အလုပ်သမားများ အလုပ်ပြန်ဆင်းခဲ့ကြသည်။ "အဖြစ်အပျက်ကတော့ သေးသေးလေးပါပဲ၊ ဒါပေမယ့် ကျနော်တို့ အလုပ်သမားတွေအတွက်တော့ အောင်ပွဲများစွာထဲက တစ်ခုပါ။" ဟု ကျောက်ဖြူမြို့နယ်မှ အလုပ်သမားအရေး တက်ကြွလှုပ်ရှားသူ တစ်ဦးက ပြောဆိုခဲ့သည်။

ကုန်းတွင်း ဓာတ်ငွေ့စက်ရုံဝန်ထမ်းများ သပိတ်မှောက်ခြင်းနှင့် အနိုင်ရလိုက်ခြင်း

၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ကုန်တွင်းဓာတ်ငွေ့စက်ရုံတွင် မြန်မာ ရွှေသရဖူ (MGC) ကုမ္ပဏီက ခန့်အပ်ထားသော ဝန်ထမ်းတစ်ရာကျော်သည် အချိန်ပိုလုပ်အားခပေးရန်နှင့် မကြာသေးခင်က ၎င်းတို့၏ အလုပ်ချိန်ကို နံနက် ၇ နာရီ မှ ညနေ ၅ နာရီခွဲ မှသည် မနက် ၆ နာရီမှ ညနေ ၆ နာရီအထိ တိုးမြှင့်လိုက်ခြင်းအပေါ် ဆန့်ကျင်ကန့်ကွက်သည့် အနေဖြင့် တစ်ရက်တာ သပိတ်မှောက်ခဲ့ကြသည်။ သပိတ်မှောက်ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သော လုပ်သားတစ်ဦးက "အလုပ်သမားတွေက ကုမ္ပဏီနဲ့ ကိုယ်စားလှယ် အရာရှိတွေကို ဒီပြဿနာတွေ ဖြေရှင်းပေးဖို့၊ ဒီလိုမှ မဟုတ်ရင် အလုပ်မဆင်းတော့ဘူးဆိုပြီး တောင်းဆိုခဲ့ကြတယ်။" ဟု ပြောပြသည်။

သပိတ်မှောက် ဆန္ဒပြပွဲ ဖြစ်ပေါ်ခဲ့ရသည့် အခြေအနေနှင့် ပတ်သက်၍လည်း ဒေသခံလှုပ်ရှားတက်ကြွသူ တစ်ဦးက ယခုလို ရှင်းပြခဲ့သည်။ "ဒေသခံအလုပ်သမားတွေက မူရင်း သတ်မှတ်ထားတဲ့ လုပ်အားခထက် လျော့ပေးတယ်။ ဒ့ါအပြင် တစ်ခါတရံ လုပ်အားခမရဘဲ အချိန်ပိုဆင်းပေးရသေးတယ်။ ပထမတော့ အလုပ်သမားနည်းနည်းကပဲ တိုင်တော့ ချက်ချင်း အလုပ် ဖြုတ်ခံခဲ့ရတယ်။ အဲဒီလိုအဖြုတ်ခံရတာတွေပြီးတဲ့ နောက်မှာ တခြားအလုပ်သမားတွေလည်း လုပ်အားခနည်း၊ လုပ်ငန်းခွင်အပေါ် မကျေနပ်တာကြောင့် အလုပ်က ထွက်ကုန်ကြတယ်။ အဲဒီလိုဖြစ်တာကြောင့် ဆောက်လုပ်ရေးလုပ်ငန်းတွေလည်း ကြန့်ကြာကုန်ကြတယ်။ (MGC) ကုမ္ပဏီကလည်း ကျန်တဲ့အလုပ်သမားတွေအပေါ် ဖိအား ပိုပြီး တိုးပေးလာတော့ အခုလို အလုပ်သမား သပိတ်ဖြစ်တဲ့အဆင့်အထိ ရောက်သွားတာပါ" ဟု ရှင်းပြသည်။

စစ်တွေမြို့ရှိ အမျိုးသမီးများက လျှပ်စစ်ရရှိရန် တောင်းဆိုကြခြင်း

တစ်လကြာသည်အထိ လျှပ်စစ်ဓာတ်အား မရရှိသည့်အတွက်ကြောင့် ရခိုင်ပြည်နယ်မြို့တော် စစ်တွေ၊ ကုန်တန်းရပ်ကွက်မှ အမျိုးသမီး ၃၀၀ ကျော်စုဝေး၍ ၂၀၁၀ ခုနှစ်၊ ဧပြီလနှောင်းပိုင်းတွင် ရပ်ကွက်အုပ်ချုပ်ရေးရုံးသို့ ချီတက်ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြသူများက အစိုးရအား ၎င်းတို့နှင့် ၎င်းတို့ မိသားစုများအတွက် အခြေခံလူမှုရေးဝန်ဆောင်မှု ဖြစ်သော လျှပ်စစ်ဓာတ်အား အလုံအလောက် ထောက်ပံ့ပေးရန် တောင်းဆိုခဲ့ကြသည်။ နောက်တနေ့တွင် ကုန်တန်းရပ်ကွက်သို့ လျှပ်စစ်ဓာတ်အား ပြန်လည်ပေးခဲ့သည်။ တစ်ညလျှင် လျှပ်စစ်ဓာတ်အား ၂ နာရီ ၃ နာရီသာ ရသော်လည်း ဒေသခံများအဖို့ အောင်ပွဲတစ်ခုပင် ဖြစ်သည်။

ရှေးအတိပြီးသော ပုဒ္ဓဆင်းတုတော်အား ဒေသခံပြည်သူများက ကာကွယ်နိုင်ခဲ့ကြခြင်း

၂၀၁၁ ခုနှစ်၊ မေလ နှောင်းပိုင်းတွင် ရှစ်ရာစုနှစ်မှ တည်ထားကိုးကွယ်ခဲ့သည့် ဗုဒ္ဓဆင်းတုတော်တစ်ဆူကို စစ်အစိုးရက ၎င်း၏ မြို့တော် နေပြည်တော်သို့ ပင့်ဆောင်မည့် အစီအစဉ်ကို ဟန့်တားသည့်အနေဖြင့် ရခိုင်ပြည်နယ် မြောက်ဦးမှ ဒေသခံ ပြည်သူ ၅,၀၀၀ ကျော်က ရှေးဟောင်းသုတေသနဌာန ဝန်ထမ်းများကို ဝိုင်းရံဟန့်တားခဲ့ကြသည်။ ၎င်းရှေးဟောင်းဆင်းတုတော်ကို ဘုန်းကြီးကျောင်း ပြန်လည်ပြုပြင်ရာမှ ပြန်လည်တွေ့ ရှိခဲ့ခြင်းဖြစ်ပြီး၊ နောက်တစ်နေ့ စနေနေ့တွင် စစ်အစိုးရ၏ မြို့တော်သို့ ယူဆောင်သွားရန် အာဏာပိုင်များက စီစဉ်ခဲ့သည်။ နယ်မြေခံပြည်သူများ၏ နိုးကြားမှုဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆန့်ကျင် ကန့်ကွက်သောကြောင့် စစ်အစိုးရက နေပြည်တော်သို့ ဆင်းတုတော်အား ပင့်ဆောင်သွားမည့်အစီအစဉ်ကို ဖျက်သိမ်းလိုက်ရသည်။

မောင်ဦးက မြေသိမ်း၍ ဒေဝူးကုမ္ပဏီသို့ ရောင်းချခဲ့သည်။

သိမ်းယူပြီး၊ ဒေဝူးကုမ္ပဏီသို့ ရောင်းချထားသည့် မြေများကို ကျေးရွာသားများက ပြန်တောင်းယူခြင်း

ဂုံးချိန်ကျေးရွာလူထုများသည် ယခင် ရခိုင်ပြည်နယ် စစ်တိုင်းမှူး၊ ယခုအစိုးရသစ်အောက် ပြည်ထဲရေးဝန်ကြီးဖြစ်သူ မောင်ဦး (ယခုအခါ မောင်ဦးသည် ကြံ့ခိုင်ဖွံ့ဖြိုး ရေးပါတီ စည်းကမ်းထိန်းသိမ်းရေးတာဝန်ခံ EC ဖြစ်သည်။) လက်ထက်တွင် သိမ်းယူထားသော ပြည်သူပိုင် မြေများကို ပြန်လည်တောင်းယူရန် ပြင်ဆင်နေကြသည်။ မြေများကို သိမ်းယူပြီးနောက် မောင်ဦးက သူ၏ ဇနီးထံသို့ အမည် လက်လွှဲ ပြောင်းပေးပြီး၊ သူ့ဇနီးက ဒေဝူးကုမ္ပဏီသို့ ကျပ်ငွေ ၄၅ သန်းဖြင့် ရောင်းချခဲ့သဖြင့် ကျောက်ဖြူမြို့နယ်သူ မြို့နယ်သားအများ ဒေါသထွက်ခဲ့ကြရသည်။ မြေသိမ်းခံရသော လယ်သမားများသည် သမ္မတဦးသိန်းစိန်၏ ဆင်းရဲမွဲတေမှုပပျောက်ရေး အစီအစဉ်အောက်၌ စိုက်ပျိုးရေး သမဝါယမအသင်း တရားဝင် ဖွဲ့စည်းနိုင်ရန်အတွက် ၎င်းအသိမ်းခံရသော မြေများပြန်လည် ရရှိရန် ရှေ့နေနှင့် ဆောင်ရွက်လျှက်ရှိသည်။ ထိုမြေပေါ်ရှိ အုန်းခြံများသည် ယခင်က အများပိုင်ခြံများ ဖြစ်သည်။

အညစ်အကြေးစွန့်ပစ်ခြင်းနှင့်ပတ်သက်၍ ကျောက်ဖြူမြို့သူ မြို့သားများက တရားဝင် တိုင်ကြားစာပေးပို့ခြင်း

ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းတွင် ပါဝင်လုပ်ကိုင်နေကြသော ကုမ္ပဏီများက သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော အညစ်အကြေးများ စွန့်ပစ်နေခြင်းအပေါ် ဒေါသထွက်နေကြသော ကျောက်ဖြူမြို့ ဝတ်ဆံကျေးရွာနေ လူထုများမှ ဒေသခံအာဏာပိုင်များနှင့် ကုမ္ပဏီကိုယ်စားလှယ်များထံသို့ တိုင်ကြားစာ ပေးပို့ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်၊ ဇွန်လတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာအာဏာပိုင်များထံသို့ လိပ်မူထားသော စာတစ်စောင်တွင် ရေနံ့ဝန်ဆောင်မှု အကြံပေးကုမ္ပဏီ (Petroleum Services Consultancy Company) က ဒေသသုံး ရေချောင်းအတွင်းသို့ မစင် အညစ်အကြေးများ စွန့်ပစ်နေသည်ဟု တိုင်ကြားခဲ့ကြသည်။ ထိုရေချောင်းကို စိုက်ခင်းသို့ ရေပေးသွင်းခြင်းနှင့် ဒေသတွင်းမွေးမြူရေး၊ တိရိစ္ဆာန်များအတွက် အသုံးပြုနေကြသည်။ ၎င်းစာတွင် လမ်းများနှင့် လယ်မြေများတလျှောက် အမှိုက်များ စွန့်ပစ်နေခြင်း အကြောင်းကိုလည်း ဖေါ်ပြထားသည်။

ဒေသတွင်းရှိ ချောင်းများအတွင်း စီမံကိန်းမှ အညစ်အကြေးများကို စွန့်ပစ်ထားစဉ် (ထက်) နှင့် ၎င်းအညစ်အကြေးများနှင့် ပတ်သက်၍ ဒေသခံရပ်ရွာလူထုများက တိုင်ကြားသည့်စာ (အောက်)







ဒေဝူးကုမ္ပဏီသို့ ပေးပို့ခဲ့သော တိုင်ကြားချက် အကျဉ်းချုပ်

၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်၊
သို့ - ဒေဝူးကုမ္ပဏီ လီမိတက်၊
အကြောင်းအရာ။ ။ အလုပ်မှ ထုတ်ပယ်ခံရခြင်းအပေါ် စုံစမ်းစစ်ဆေးပေး ပါရန် မေတ္တာရပ်ခံခြင်း၊

၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ရေနံဝန်ဆောင်မှု အကြံပေး ကုမ္ပဏီ (PSC) မှ မတရား အလုပ်ဖြုတ်ခံခဲ့ရသော ဦး........ သည် ၎င်း အလုပ်ဖြုတ်ခံရပြီး၊ နောက်တနေ့တွင် ဒေဝူးအင်တာနေရှင်နယ် ကုမ္ပဏီသို့ တိုင်ကြားစာပေးပို့ခဲ့သည်။ ထိုစာတွင် ဦး......က ၎င်းအားအလုပ်မှ ထုတ် ပယ်ခံရခြင်း၏ အကြောင်းရင်းကို စုံစမ်းပေးပါရန် ဒေဝူးကုမ္ပဏီသို့ မေတ္တာ ရပ်ခံထားသည်။ PSC မှာ တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ၎င်းအနေ နှင့် ပြစ်မှုတစုံတရာ (သို့မဟုတ်) ပြဿနာ တစုံတရာ မဖြစ်ခဲ့ပါကြောင်းနှင့် ၎င်းအလုပ်ဖြုတ်ခံရခြင်းကြောင့် ၎င်း၏မိသားစုနှင့် ရပ်ရွာ လူမှုအသိုက်အဝန်း ကြား ပြဿနာဖြစ်ပေါ်စေကြောင်း စာထဲတွင် ရေးသားဖေါ်ပြခဲ့သည်။

အနောက်ဖက် ကမ်းရိုးတန်းတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် သက်ဆိုင်သည့် အခြေခံ အဆောက်အဦ စီမံကိန်း များကြောင့် ထိခိုက်နစ်နာနေရသည့် ဒေသခံရပ်ရွာလူထုများ

စီမံကိန်းနေရာ	ထိခိုက်နစ်နာသည့် ကျေးရွာများ	လူဦးရေ
ရေနံလှောင်ကန် စက်ရုံ နှင့် ရေနက် ဆိပ်ကမ်း	ပြိန်၊ ရွာမ၊ ကျောက်တန်း	၃,၀၀၀
ကုန်းတွင်း သဘာဝ ဓာတ်ငွေ့သန့်စင်ရေး စက်ရုံနှင့် ဓာတ်ငွေ့ တွန်းပို့ စက်ရုံ	လိပ်ခမော် ကျေးရွာအုပ်စု မရကျွန်း၊ လိပ်ခမော် (ရွာဟောင်း/ ရွာသစ်)၊ ပြင်ချေ၊ မဝန်း၊ ပြင်ကြီး၊ နောင်တောင်၊ ငေါ်ဒူ	၂,၇၅၀
ကုန်းတွင်း ဓာတ်ငွေ့ သန့်စင်ရေး စက်ရုံနှင့် ဓာတ်ငွေ့တွန်းပို့ စက်ရုံ	ဂုံးချိန်ကျေးရွာအုပ်စု ဆည်ပုတ်ကော၊ ဂုံးချိန် (အရှေ့ အနောက်)၊ အင်ကြီးနား၊ လေဒါပြင်၊အရှေ့ဖက်	၂,၂၅၀

မျှော်မြင်ချက်

လက်ရှိ စစ်အစိုးရလက်အောက်တွင် အဓိပ္ပါယ်ပြည့်ဝသော စံနှုန်း သတ်မှတ်ချက်များလည်း မရှိ၊ တရားဥပဒေနည်းကျ အုပ်ချုပ်မှု စနစ်လည်း မရှိသောကြောင့် အကောင်အထည် ဖေါ်နေသော ယခုစီမံကိန်းမှ မြန်မာပြည်သူများအဖို့ သဘာဝ ဓာတ်ငွေ့ဒေသ် လည်းကောင်း၊ ၎င်းဓာတ်ငွေ့ ရောင်းချ၍ ရရှိသော ဘဏ္ဍာဝင်ငွေ ကိုသော်လည်းကောင်း အကျိုးခံစားခွင့် မရရှိနိုင်ပေ။ စစ်အစိုးရ လည်း ဆက်လက်သက်ဆိုးရှည် နိုင်မည် ဖြစ်သည်။ ရွှေ သဘာဝ ဓာတ်ငွေ့သိုက်သည် ထုထည် ပမာဏ အလွန်ကြီးမားသော သယံဇာတရင်းမြစ်ကြီး ဖြစ်သောကြောင့် အကျိုးရှိစွာ အသုံးချမည် ဆိုလျှင် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့် လူနေမှု အဆင့်အတန်း မြင့်မားလာစေရေးအတွက် များစွာ အကျိုးဖြစ်ထွန်းစေနိုင်မည့် အရင်းအမြစ်တစ်ခု ဖြစ်သည်။

အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးခြင်း

ပထမဦးဆုံးအချက်အနေဖြင့် ရပ်ရွာ လူမှုအသိုက်အဝန်း၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မှုပေးရေးနှင့် စစ်မှန်သော တရားဥပဒေစိုးမိုးမှုရှိသော လူမှုအဖွဲ့အစည်း ဖြစ်ပေါ်လာစေရန် အာမခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် လိုအပ်ပြီး၊ သို့မှသာ အခြေခံကျသည့် ရင်းနှီးမြုပ်နှံမှု စံသတ်မှတ်ချက်များ ပြည့်မီစေနိုင်မည် ဖြစ်သည်။ ၎င်းစံသတ်မှတ်ချက်များတွင် ထိခိုက်သက်ရောက်မှုခံရသော ပြည်သူများ၏ လွတ်လပ်စွာ၊ ကြိုတင်သိရှိနားလည်၍ ပေးသော ခွင့်ပြုချက်ရယူခြင်း၊ ထိခိုက်သက်ရောက်မှု အတိုင်းအဆကို လျော့လာအကဲဖြတ်ခြင်းနှင့် မကျေနပ်ချက်တိုင်ကြားနိုင်သည့် လုပ်ထုံးလုပ်နည်းများ ထားရှိခြင်း စသည်တို့ ပါဝင်သည်။ အဓမ္မလုပ်အားပေးခိုင်းစေခြင်း၊ သတ်ဖြတ်ခြင်း စသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပြင် သဘာဝပတ်ဝန်းကျင်အပေါ် အကြီးအကျယ် ထိခိုက်မှု မရှိစေနိုင်မှသာလျှင် အကြီးစားသဘာဝ သယံဇာတ ရင်းမြစ်ထုတ်ယူသည့် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သင့်ပေသည်။

ဒေသခံပြည်သူများအတွက် ဒေသရင်းမြစ်များ ဖြစ်စေခြင်း
(ဗဟိုဦးစီးချုပ်ကိုင်မှု ဖြန့်ခွဲထားသည့် စီမံခန့်ခွဲမှု)

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်နယ်အစိုးရများတွင် ဗဟိုအစိုးရနှင့်ယှဉ်လျှင် လုပ်ပိုင်ခွင့်အာဏာ အနည်းအကျဉ်းမျှသာ အပ်နှင်းထားသည်။ စစ်မှန်သော ဖယ်ဒရယ်ပြည်ထောင်စု စနစ်တွင် ဆိုလျှင် ပြည်နယ် အစိုးရများနှင့် ဒေသန္တရအာဏာပိုင် အဖွဲ့အစည်းများတွင် ဒေသထွက် သယံဇာတရင်းမြစ်များ ခွဲဝေသုံးစွဲမှုကို စီမံခန့်ခွဲရာနှင့် ၎င်းသယံဇာတများ ရောင်းချခြင်းမှ ရရှိလာသည့် ငွေကြေးဘဏ္ဍာကို မည်သို့မည်ပုံ သုံးစွဲကြမည်ကို စီမံခန့်ခွဲရာတွင် ပို၍ လုပ်ပိုင်ခွင့် အပ်နှင်းထား ပါသည်။ ထိုကဲ့သို့ ဗဟိုဦးစီးချုပ်ကိုင်မှု ဖြန့်ခွဲထားသော စီမံခန့်ခွဲ မှုရှိမှသာ ဒေသခံများ၏ လိုအပ်ချက်အပေါ် ဦးစားပေးနိုင်မည် ဖြစ်ပြီး၊ ထွက်ပေါ်လာသည့် အကျိုးအမြတ်ပေါ်တွင်လည်း မျှဝေခံစားနိုင်ကြမည် ဖြစ်သည်။

စီးပွားရေးအတွက် မောင်းနှင်အား ဖြစ်စေခြင်း

လက်ရှိအခြေအနေတွင် အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ (IEA) ၏ "စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှု ကိန်းညွှန်း" (Energy Development Index) အရ ကမ္ဘာ့အဆိုးရွားဆုံးနိုင်ငံများ အနက် အဆင့် ၄ နေရာတွင် မြန်မာနိုင်ငံကို သတ်မှတ်ထားသည်။ စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှု ကိန်းညွှန်းဆိုသည်မှာ နိုင်ငံတစ်ခု (သို့မဟုတ်) ဒေသတစ်ခု၏ ခေတ်မီ စွမ်းအင်လောင်စာကူပြောင်း အသုံးပြုနိုင်သည့် အခြေအနေ တိုးတက်မှု တိုင်းတာချက်ပင် ဖြစ်သည်။ မြန်မာနိုင်ငံတွင် စွမ်းအင်အသုံးပြုမှုနှင့် ပတ်သက်၍ ပို၍ကောင်းမွန်သော စီမံခန့်ခွဲမှုနှင့် မူဝါဒချမှတ်ခြင်းအားဖြင့် မြန်မာနိုင်ငံအား ခေတ်မီတိုးတက်စေရန် အထောက်အကူဖြစ်စေနိုင်သည့်အပြင် ပို၍ကောင်းမွန်သော စီးပွားရေး တိုးတက်မှုကိုလည်း ဖန်တီးပေးနိုင်မည် ဖြစ်သည်။

ရခိုင်ပြည်နယ်တွင်ရှိ စီမံကိန်း လမ်းပေါ်တွင် ကလေးများလမ်းလျှောက်နေကြရပုံ။

လျှပ်စစ်ဓာတ်အသုံးပြုမှုနှင့်ဓာတ်ငွေ့ကိုမီးဖိုချောင်သုံးနိုင်ခြင်း

လက်ရှိအခြေအနေအရ မြန်မာနိုင်ငံ၏ စုစုပေါင်း လူဦးရေအနက် ၁၃% သည်သာလျှင် လျှပ်စစ်မီးကို ပုံမှန်အသုံးပြုနိုင်သည်။[၇] အကယ်၍ ရွှေသဘာဝ ဓာတ်ငွေ့လုပ်ကွက်မှ ဓာတ်ငွေ့များသည် ချက်ချင်းအသုံးပြုနိုင်သည့် အဆင့်သို့ မရောက်သေးသော်လည်း၊ ၎င်းဓာတ်ငွေ့များကို မြန်မာနိုင်ငံတွင် အသုံးပြုနိုင်မည်ဆိုပါက တိုင်းပြည်အတွင်းရှိ အိမ်ထောင်စု ၁၀၀ ရာခိုင်နှုန်းအပြည့်ကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံတွင် အိမ်ထောင်စု ၆၀ ရာခိုင်နှုန်းသည် သဘာဝတောထွက် ပစ္စည်းများ (သစ်သား၊ မီးသွေးနှင့် အခြားသဘာဝထွက်ပစ္စည်းများ) ကို မီးရှို့ရာမှရရှိသည့် လောင်စာစွမ်းအင်ကိုသာ အားထား အသုံးပြုနေရသဖြင့် လေထုညစ်ညမ်းခြင်း၊ အသက်ရှူ လမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်ပွားခြင်း၊ သစ်တော ပြုန်းတီးခြင်းနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ ပိုမိုထုတ်လွှတ်ခြင်းတို့ ဖြစ်စေသည်။ ဖိအားနည်း မီးဖိုချောင်သုံးဓာတ်ငွေ့သည် စွမ်းအင် ထိရောက်မှုအပိုင်းတွင် ပိုသာပြီး၊ လေထုညစ်ညမ်းမှုလည်း နည်းပါးစေသည်။ အကယ်၍ ဒေသခံရပ်ရွာလူထုများသာ မီးဖိုချောင်သုံးအတွက် ပြည်တွင်းထုတ်သဘာဝဓာတ်ငွေ့ကို အသုံးပြုနိုင်ပါက စွမ်းအင်အရင်းအမြစ်လုံခြုံမှုနှင့် ပို၍ အသုံးပြုနိုင်ခွင့် ရရှိမည်ဖြစ်ပြီး သဘာဝထွက်ပစ္စည်းများ မီးရှို့အသုံးပြုနေရမှုလည်း သိသိသာသာ လျော့နည်းသွားမည် ဖြစ်သည်။

ဝန်းကျင်ညစ်ညမ်းစေသော ကျောက်မီးသွေးအစား သန့်ရှင်းသည့် စွမ်းအင်ကို ပြောင်းလဲ အသုံးပြုနိုင်ခြင်း

သဘာဝဓာတ်ငွေ့မှလျှပ်စစ်ဓာတ်အားထုတ်ပေးနိုင်ခြင်းကြောင့် စွမ်းအင်ထိရောက်မှုနှင့် လေထုညစ်ညမ်းမှု လျော့ချနိုင်သော်လည်း မြန်မာစစ်အစိုးရသည် ရွှေသဘာဝဓာတ်ငွေ့အားလုံးကို နိုင်ငံခြားသို့ တင်ပို့ရောင်းချကာ၊ ဝန်းကျင် ညစ်ညမ်းစေသော ကျောက်မီးသွေးသုံး စွမ်းအင်ထုတ်စက်ရုံများကိုသာ တည်ထောင်လျှက် ရှိသည်။ လက်ရှိကာလအရ မြန်မာနိုင်ငံတွင် အဓိက ကျောက်မီးသွေးတွင်း ၁၆ တွင်းရှိပြီး ကျောက်မီးသွေးသုံး

စွမ်းအင်ထုတ်စက်ရုံ ခြောက်ရုံသည် တည်ဆောက်ဆဲ (သို့မဟုတ်) လည်ပတ်နေဆဲ ဖြစ်သည်။ လေထုညစ်ညမ်းစေသည့် မီးခိုးများ ထိန်းချုပ်သည့် စံသတ်မှတ်ချက်များ မရှိသကဲ့သို့ စက်ရုံမှ ထွက်လာသော အခိုးအငွေ့များနှင့် အညစ်အကြေး စွန့်ပစ်မှုများကို ပုံမှန်စစ်ဆေးနိုင်သည့် လုပ်ပိုင်ခွင့် အပ်နှင်းထားသည့် အစိုးရအေဂျင်စီ ဌာနများလည်း မရှိပေ။

ဓာတ်ငွေ့ရောင်းရငွေသည် ပြည်သူ့အကျိုးအတွက် မဟုတ် လူတစုအိပ်ထဲသာ ထည့်နေကြခြင်း

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရောင်းရငွေအများစုကို ပြည်သူ့ဘဏ္ဍာငွေထဲသို့ ပေါင်းထည့်နိုင်ခြင်း မရှိဘဲ၊ စစ်တပ်ကသာ ထိန်းချုပ်ထားသည်။ သဘာဝ သယံဇာတများမှ ရရှိလာသော ဝင်ငွေများကို ပွင့်လင်းမြင်သာစွာ ခန့်ခွဲမှုရှိစေရန်နှင့် ကျန်းမာရေး၊ ပညာရေးကဏ္ဍများအတွက် ဦးစားပေးအသုံးပြုနိုင်သည့် ရေရှည်အစီအစဉ်များ ချမှတ်နိုင်စေရန် လုပ်ငန်းယန္တရားများ မြန်မာနိုင်ငံတွင် ရှိနေသင့်သည်။

နိုင်ငံတကာ စံချိန်စံနှုန်းများ

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနေသူ အားလုံးအနေဖြင့် နိုင်ငံတကာ စံချိန်စံနှုန်းများအတိုင်းချမှတ်၍လိုက်နာအကောင်အထည်ဖော်သင့်ပါသည်။ ဥပမာအားဖြင့် အီကွေတာ အခြေခံမူများ (Equator Principles) နှင့် သဘာဝရင်းမြစ် ထုတ်လုပ်ရေး လုပ်ငန်းတွင် ပွင့်လင်းမြင်သာမှု ရှိရေးဆိုင်ရာ ကြိုးပမ်းချက် (Extractive Industry Transparency Initiative) စသည့် နိုင်ငံတကာ သဘောတူညီချက်များအတိုင်း လိုက်နာ အကောင်အထည်ဖော်သင့်ပါသည်။ သို့မှသာ ရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရအနေဖြင့် စီမံကိန်းကြောင့် ထိခိုက်နစ်နာရသူများအပေါ် ပို၍ တာဝန်ယူ တာဝန်ခံမှု ရှိစေမည် ဖြစ်သည်။ ၎င်းမူများကို လျော်ကန်စွာ အကောင်အထည်ဖော်သည့်အခါ ဤသို့ စံချိန်စံနှုန်းများ ရှိနေသည့်အတွက်ကြောင့် ထိခိုက် နစ်နာရမည့် သူများအဖို့ သတင်းအချက်အလက်များ သိရှိနိုင်ပြီး၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်ဆောင်ရွက်နိုင်ခွင့် ရရှိကြမည်။

လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ္ဍာငွေ

အဇာဘာဂျန်နိုင်ငံသည် သဘာဝဓာတ်ငွေ့များကို နိုင်ငံနှင့် ပြည်သူလူထုအတွက်၊ ပိုမိုကျယ်ပြန့်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကိစ္စများအတွက် အသုံးပြုနေသော နိုင်ငံများအနက် စံပြုစရာ အကောင်းဆုံးသော နိုင်ငံတစ်ခု ဖြစ်ပါသည်။ ၂၀၀၇ ခုနှစ်အထိ နိုင်ငံပိုင် နိုင်ငံခြားအရန်ငွေကြေးများကို ပြည်တွင်း ဓာတ်ငွေ့လိုအပ်ချက်အတွက် အပြည့်အဝ အသုံးချလျှက်ရှိပြီး ၁၉၉၇ ခုနှစ်တွင် အစိုးရသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းမှ ရရှိသော ဝင်ငွေများကို တိုင်းပြည်ဖွံ့ဖြိုးရေး အတွက် အသုံးပြုနိုင်စေရန် နိုင်ငံတော် ရေနံလုပ်ငန်းရန်ပုံငွေကို စတင်တည်ထောင်ခဲ့သည်။ အဆိုပါရန်ပုံငွေအဖွဲ့သည် ပညာသင်ဆုများနှင့် အစားထိုး စွမ်းအင် သုတေသနလုပ်ငန်းများ ကဲ့သို့သော လူမှုနှင့် စီးပွားဖွံ့ဖြိုးမှု ဆောင်ရွက်ချက်များသို့ ဘဏ္ဍာငွေကြေး ထောက်ပံ့ကူညီပေးနေသည့် အပြင်၊ နိုင်ငံ၏ဘဏ္ဍာတွင် လိုငွေပြသည့်အခါတွင်လည်း ဘဏ္ဍာငွေထဲသို့ လွှဲပြောင်း ပေးအပ်ခဲ့သည်။

ဒေသခံ ပြည်သူများ၏ အခွင့်အရေးနှင့်
သဘာဝပတ်ဝန်းကျင်ကို
ကာကွယ်စောင့်ရှောက်နိုင်မှသာ၊ ထိခိုက်နစ်နာမည့်
ပြည်သူများကို အကျိုးစီးပွား ဝေမျှခံစားမှု ရှိမှသာ၊
ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ တာဝန်ခံမှု ကျင့်ထုံးများ
ကျင့်သုံးနိုင်မှသာလျှင် အမှန်တကယ် ဖွံ့ဖြိုးမှု
ဖြစ်ပေါ်လာပေမည်။ ရွှေသဘာဝ ဓာတ်ငွေ့ စီမံကိန်းနှင့်
မြန်မာနိုင်ငံကို ဖြတ်သန်းသွားမည့် တရုတ်နိုင်ငံ၏ ပိုက်
လိုင်းစကြံန်စီမံကိန်းများကို လုံးဝ
ရပ်ဆိုင်းထားသင့်သည်။ ဘဏ္ဍာငွေကြေး
ထောက်ပံ့မှုများကိုလည်း ဆိုင်းငံ့ ထားသင့်သည်။
၎င်းအခြေအနေများ ပြည့်စုံသည့်တိုင်အောင် စောင့်၍
ယခုအခြေအနေတွင် ရင်းနှီးမြှုပ်နှံထားသည့်
ငွေကြေးများကို ပြန်လည်ထုတ်ယူသင့်သည်။

ဦးအေးသာအောင် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ အတွင်းရေးမှူး နှင့် ရခိုင်အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အတွင်းရေးမှူး) ၏ ပြောကြားချက်များ

" ရခိုင်ပြည်နယ်ကနေ ဂက်စ် အမြောက်အများထွက်တယ်လို့ကြားရတော့ ဝမ်းလည်း သာတယ်၊ ဂုဏ်လည်း ဂုဏ်ယူမိခဲ့တယ်။ ဒါပေမယ့် နောက်ပိုင်းမှာစစ်အစိုးရကနေ ဒီဂက်စ်တွေ အကုန်လုံးကိုတရုတ်ကို ရောင်းလိုက်တယ်။ ရောင်းလို့ ရလာတဲ့အကျိုးအမြတ် ငွေတွေကို ရခိုင်ပြည်သူတွေနှင့် တကွတိုင်းရင်းသားပြည်သူ တွေက ဘာမှအကျိုးခံစားခွင့် မရှိသလို၊ ဒီဂက်စ်တွေကိုရောင်းမယ့် အချိန်တုန်းကလည်း ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ အဖွဲ့အစည်းတွေ၊ ပြည်သူတွေနှင့် တိုင်ပင်တာတို့ ဆွေးနွေးတာတို့ လုံးဝမရှိခဲ့ဖူးဘူး။ အဆိုးဆုံးကတော့ ဒီဂက်စ်က ရလာမယ့် အကျိုးအမြတ်တွေကို ရခိုင်ပြည်နယ်သူတွေ အနေနဲ့လုံးဝခံစားခွင့် မရှိတဲ့အပေါ်မှာ ကျွန်တော်တို့နေနဲ့ကတော့ ဒါဟာ လုံးဝကျေနပ်စရာမရှိဘူးဆိုတာကို ပြောလိုပါတယ်။ ပြီးတော့ နောက်တစ်ချက်က ဒီဂက်စ်ရောင်းရတဲ့ အကျိုးအမြတ်ကို ခံစားခွင့်မရှိသည့် အပြင်၊ ရခိုင်ပြည်တွေဟာ ဒီဂက်စ် စီမံကိန်းကြောင့် ဖြစ်ပေါ်လာသမျှ မကောင်းကျိုးတွေ၊ ဆိုးကျိုးတွေကို ဒီကနေ့ ထက်ထိခံစားနေရတဲ့ပေါ်မှာလည်း ကျေနပ်စရာလုံးဝ မရှိဘူး ဆိုတာကိုပြောလိုပါတယ်။

အထူးသဖြင့် ဂက်စ်စီမံကိန်းကြောင့် ဖြစ်လာတဲ့ မတရားလုပ်အားပေးခံရတာတွေ၊ အဓမ္မလုပ်အားစေခိုင်းခံရတာတွေ၊ လယ်သိမ်း၊

ယာသိမ်း၊ မြေသိမ်းခံရတဲ့ ကိစ္စတွေ အခုလတ်တလော အခြေနေမှာလည်း သဏ္ဌာကျောက်တန်းတွေ ပျက်စီးသွားတဲ့ အတွက်ကြောင့် ရခိုင်ပြည်သူတွေရဲ့ ငါးဖမ်းလုပ်ငန်းတွေ၊ ရေလုပ်ငန်းတွေကို ထိခိုက်လာမယ့် အလားအလာတွေမြင်နေရတယ်။ ဒါဟာ ရေရှည်မှာ ရခိုင်ပြည်သူတွေ အတွက် ဆိုးကျိုးတစ်ခု ဖြစ်မယ်ဆိုတာလည်းမြင်တွေ့နေရတယ်။

ဒါလိုမျိုး အကြောင်းတွေကြောင့် ကျွန်တော်တို့အမြင်ကတော့ ဒီရွှေဂက်စ်စီမံကိန်းကို "ပြည်သူတွေအတွက် ယာယီရပ်ဆိုင်းထားစေချင်တယ်။ နောင်တစ်ချိန်မှာ တိုင်းပြည် အနေနဲ့ တကယ်ပြည်သူတွေလိုလားတဲ့၊ ပြည်သူတွေကို ကိုယ်စားပြုတဲ့ အစိုးရ တစ်ရပ် ပေါ်ထွန်းလာတဲ့ အချိန်၊ ပြီးတော့ ရခိုင်ပြည်သူတွေ အနေနဲ့ ဒီဂက်စ် စီမံကိန်းမှ ရလာမယ့် အကျိုးအမြတ်တွေကို မျှဝေခံစားခွင့် ရလာတဲ့အချိန်ကျမှ ဒီစီမံကိန်းတွေကို ပြန်ပြီးတော့လုပ်စေချင်တယ်။"

အခုအချိန်မှာ ကျွန်တော်တို့အနေနဲ့အထူးတိုက်တွန်းချင်တာကတော့ " ဒီစီမံကိန်းကို ရပ်ဆိုင်းထားဖို့စီမံကိန်းနဲ့သက်ဆိုင်တဲ့ အဖွဲ့အားလုံးကို တိုက်တွန်းလိုပါတယ်။"

တရုတ် အမျိုးသားရေနံ ကော်ပိုရေးရှင်း (CNPC) က မြန်မာပြည်ကို ဖြတ်သန်းသွား မည့် ပိုက်လိုင်းကို စတင်တည်ဆောက်နေပြီ ဖြစ်သည်။

မြန်မာနိုင်ငံတွင် မကြာသေးမီက ကျင်းပပြီးဆုံးခဲ့သော စစ်တပ်၏ အလိမ်အညာ ရွေးကောက်ပွဲပြီးနောက်တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ၊ အထူးသဖြင့် သဘာဝရင်းမြစ် ထုတ်ယူရောင်းချရေး ကဏ္ဍများတွင် ပို၍ တိုးများလာခဲ့ပါ သည်။ စစ်အစိုးရသည် မြန်မာနိုင်ငံကိုဖြတ်၍ တရုတ်နိုင်ငံသို့ ပိုက်လိုင်းများ တည်ဆောက်ခွင့် ပြုထားခဲ့ပြီး၊ ၎င်း ပိုက်လိုင်းများမှတဆင့် တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးမှုကို ပျက်စီးစေမည့် သဘာဝဓာတ်ငွေ့များကို တင်ပို့ရောင်း ချလိမ့်မည် ဖြစ်သည်။ ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်း သွားရာဒေသများအနီးတွင် လက်နက်ကိုင် အုပ်စုများနှင့် အစိုးရ တပ်ဖွဲ့များအကြား တိုက်ပွဲများ ဖြစ်ပေါ်လာနိုင်ရာ၊ နောက်ထပ် စစ်ပွဲပဋိပက္ခများ၊ လူ့အခွင့် အရေး ချိုးဖောက်မှုများလည်း ဖြစ်ပေါ်လာနိုင်သည်။ ထို့ အပြင် ပိုက်လိုင်းဖြတ်သန်း ဖောက်လုပ်ရာ ဒေသအတွင်း အဓမ္မလုပ်အား ခိုင်းစေခြင်းနှင့် မြေယာလုယက် သိမ်းပိုက် ခြင်းများလည်း စတင် ကြုံတွေ့နေရပြီ ဖြစ်သည်။ အန္တရာယ် ကြုံရစရာ အကြောင်းသိသော်လည်း ရပ်ရွာ လူမှု အသိုက်အဝန်းများက ၎င်းတို့၏ စိုးရိမ်ချက်များနှင့် စီမံချက်ကြောင့် နစ်နာရမှုများအပေါ် ဆန့်ကျင်ကန့်ကွက်မှုများ ပြုနေဆဲ၊ ရင်ဆိုင်အန်တု နေဆဲ၊ ထုတ်ဖေါ်ပြောဆိုနေဆဲပင် ဖြစ်သည်။ ရပ်ရွာ လူမှုအသိုက်အဝန်း၏ အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့် ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှု စံသတ်မှတ် ချက်များ မရှိပါက ရွှေသဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်-မြန်မာပိုက်လိုင်း စကြ်န်စီမံကိန်းကို ရပ်ဆိုင်း ထားသင့်ပါ သည်။ ရင်းနှီးမြှုပ်နှံထားကြသည့် ဘဏ္ဍာငွေအားလုံးကို ပြန်၍ ထိန်းသိမ်းထားခြင်း (သို့မဟုတ်) ပြန်လည် ထုတ်နှုတ်ယူ ခြင်းများ လုပ်ဆောင်သင့်ပါသည်။

Endnote

1. Bosson, Andrew. Annexes to "Forced Migration/Internal Displacement in Burma, with an Emphasis on Government-controlled areas," May 2007 available at: http://www.internaldisplacement.org/8025708F004CE90B/(httpDocuments)/942C84C75F965D24C12572D6002FF41D/$file/Burma_annex_documents_mai07.pdf
2. See for example "Crimes in Burma" International Human Rights Clinic at Harvard Law School; May 2009. http://www.law.harvard.edu/programs/hrp/documents/Crimes-in-Burma.pdf, "Shattering Silences" Karen Women's Organization; 2004. http://www.ibiblio.org/obl/docs/Shattering_Silences.htm and "Total Impact: The Human Rights, Environmental, and Financial Impacts of Total and Chevron's Yadana Gas Project in Military-Ruled Burma (Myanmar)" EarthRights International; 2009. http://www.earthrights.org/sites/default/files/publications/total-impact.pdf
3. EarthRights International. 2011. "The Burma-China Pipelines: Human Rights Violations, Applicable Law, and Revenue Secrecy" Page 8.
4. "Total Impact: The Human Rights, Environmental, and Financial Impacts of Total and Chevron's Yadana Gas Project in Military-Ruled Burma (Myanmar)" EarthRights International; 2009. http://www.earthrights.org/sites/default/files/publications/total-impact.pdf
5. "Prostitution, an open trade in Kyauk Phyu," Narinjara News, April 5, 2011.
6. (လွတ်လပ်ခွင့်ကို ပိတ်ဆို့ထားမြဲနေခြင်း) Blocking Freedom, Arakan Oil Watch, 2008.
7. The World Bank."Addressing the Electricity Access Gap Background Paper for the World Bank Group Energy Sector Strategy". June 2010. <http://siteresources.worldbank.org/EXTESC/Resources/Addressing_the_Electricity_Access_Gap.pdf>

သင် မည်သို့ ကူညီနိုင်ပါသနည်း။

မြန်မာစစ်ဗိုလ်ချုပ်များ၏ လက်ထဲသို့ကျရောက်သွားနိုင်သည့် ငွေကြေးအမြောက်အများကို တားဆီးရန်နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ သဘာဝပတ်ဝန်းကျင်ပြုန်းတီးမှုများကို ကာကွယ်ရန်အတွက် တစ်ခုတည်းသော နည်းလမ်းမှာ ဤစီမံကိန်းများကို ရပ်တန့်ရေးပင်ဖြစ်သည်ဟု ရွှေသဘာဝဓာတ်ငွေ့လှုပ်ရှားမှုအဖွဲ့က ယုံကြည်သည်။

"သင့်အခွင့်အရေးကိုသိပါ"

- သင့်အခွင့်အရေးအတွက် ရပ်တည်ပါ။
- သင့်နိုင်ငံတော် ပိုင်ဆိုင်သမျှသည် သင်၏ပိုင်ဆိုင်မှုဖြစ်သည်။
- သင့်နိုင်ငံ၏ သဘာဝအရင်းအမြစ်များကို ကာကွယ်ပါ။
- သင့်၏ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ပါ။
- မိသားစုအစဉ်အဆက်ပိုင်ဆိုင်သော လယ်မြေနှင့် ဘဘာဝအရင်းအမြစ်များအား တရားမဝင် ကျူးကျော်သိမ်းပိုက်ထားမှုကို သတ္တိရှိစွာဖော်ပြထုတ်ပါ။
- သင်၏ ယဉ်ကျေးမှု၊ ထုံးတမ်းစဉ်အလာ၊ ရိုးရာနှင့် တန်ဖိုးမဖြတ်နိုင်သော အမျိုးသားအမွေအနှစ်နှင့် ဗိသုကာဆိုင်ရာ အမွေအနှစ်များကို ကာကွယ်ပါ
- ရေနံနှင့် သဘာဝဓါတ်ငွေ့ စီမံကိန်းကို အကောင်အထည်ဖော်နေမှုအား သင့်လျော်မှုရှိ မရှိကို သင်၏ အမြင်နှင့် ဆန္ဒသဘောထားအတိုင်း ဖော်ထုတ်ပါ။
- ရေနံများ စိမ့်ယိုထွက်ကျခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပျက်ဆီးခြင်းတို့ကဲ့သို့သော ရေနံနှင့် သဘာဝဓါတ်ငွေ့ပိုက်လိုင်းကြောင့် ပေါ်ပေါက်လာမည့် အန္တရာယ်များအကြောင်းကို အချင်းချင်းအသိပေးပါ။

သင်မည်သို့ လုပ်ဆောင်နိုင်ပါသနည်း၊ သင်လုပ်ဆောင်နိုင်သည်များမှာ

- ဒေသခံလူထုအတွင်းတွင် ရွှေဓါတ်ငွေ့ပိုက်လိုင်းစီမံကိန်းကြောင့် ပေါ်ပေါက်လာမည့် ဆိုးကျိုးများကို ဆွေးနွေးပြီး အသိတရားဖြန့်ဝေပါ။
- သက်ဆိုင်ရာ အစိုးဌာနများသို့တရားမဝင် သိမ်းပိုက်ခံနေရသော မြေများ၊ သင်၏ ပိုင်ဆိုင်မှုများနှင့် ပတ်သက်၍အသိပေးတိုင်ကြားပါ။
- အဓမ္မလုပ်အားပေးခိုင်းစေခြင်းနှင့် အတင်းအကျပ် ရွှေ့ပြောင်းခြင်းကိစ္စရပ်များကို သက်ဆိုင်ရာ နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO) သို့တိုင်ကြားပါ။
- ရိုးရာအစဉ်အလာမပျက် သက်မွေးဝမ်းကြောင်းလုပ်ငန်းများကို မတရားသိမ်းပိုက်ခြင်း (ဥပမာ- တိုင်းရင်းဆေးဝါးစိုက်ခင်းများအား မတရားသိမ်းပိုက်ခြင်း) အစရှိသည့် ဖိနှိပ်ချုပ်ချယ်မှုများကို သက်ဆိုင်ရာ အဖွဲ့အစည်းများသို့တိုင်ကြားပါ။
- မျှော်မှန်းမထားသည့် ပျက်စီးဆုံးရှုံးမှုများ၊ မတော်တဆ ဓာတ်ငွေ့ယိုစိမ့်မှုများ၊ ပိုက်လိုင်းပေါက်ပြဲပျက်စီးမှုများ၊ ဓါတ်ငွေ့ ပေါက်ကွဲမှုများ အစရှိသည့် ဖြစ်လာနိုင်ဖွယ် ဆိုးကျိုးများကို သင်၏ဝန်းကျင် အသိပေးဖြန့်ဝေပါ။

ကုန်းတွင်း ဓာတ်ငွေ့တွင်းတင်စက်ကို တည်ဆောက်နေစဉ်

အင်တာနက်လိပ်စာ www.shwe.org
ဖေ့စ်ဘုတ် လိပ်စာ www.facebook.com
ဆက်သွယ်ရန်- global@shwe.org